ဇစ်မြစ် - ကျောက်ဖြူခရိုင်၊ သစ်တောဦးစီးဌာန။

စီမံကိန်းကာလအတွင်းထွက်ရှိမည့် ကြားဖြတ်တောထွက်စာရင်း

စိုက်ကွက်စဉ်II (ပျဉ်းကတိုး) ဧယား(၉.၂.၂.၁.၁.၆.၁)ခ

စဉ်	နှစ်စဉ်စိုက်ကွက်	တည်ထောင်သည့်ခုနှစ်	ပင်ကျပ်နှုတ်ခြင်း	ပင်ကျပ်နှုတ်မည့်နှစ်	ဧရိယာ (ဧက)	ထွက်ရှိမည့်ကြားဖြတ်တောထွက်(ခန့်မှန်း)		
						ပျမ်းမျှလုံးပတ်	ပျမ်းမျှအမြင့်	ပင်ရေ
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)
၁	၉	၂၀၀၀	-	၂၀၁၇	၃၅၀			-
၂	၁၀	၂၀၀၁	-	၂၀၁၈	၃၅၀			-
၃	၁၁	၂၀၀၂	-	၂၀၁၉	၃၅၀			-
၄	၁၂	၂၀၀၃	-	၂၀၂၀	၃၅၀			-
၅	၁၃	၂၀၀၄	-	၂၀၂၁	၃၅၀			-
၆	၁၄	၂၀၀၅	-	၂၀၂၂	၃၀၀			-
၇	၁၅	၂၀၀၆	-	၂၀၂၃	၃၀၀			-
၈	၁၆	၂၀၀၇	-	၂၀၂၄	၂၀၀			-

ဧစ်မြစ် - ကျောက်ဖြူခရိုင်သစ်တောဦးစီးဌာန။

၉.၂.၂.၁.၁.၆.၂ အပြီးသတ်တောထွက်

စီးပွားရေးစိုက်ခင်းများ အလုပ်တိုက်နယ်၊ စိုက်ကွက်စဉ်I(ကျွန်း) အတွက်သတ်ပတ်၄၀နှစ်နှင့်၆၀နှစ်တို့တွင်ရှိမည့် အပြီးသတ်တောထွက်ကိုဧယား (၉.၂.၂.၁.၁.၆.၂) က ၊ ခတို့ဖြင့် ဒေသအတန်းအစား(၂/၃)ကို အခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါ သည်။ နှစ်(၄၀)ပြည့်နှစ်တွင် တစ်ဧက-၁၂.၅၂၂၆၂ Hoppus ton နှင့် နှစ်(၆၀)ပြည့်နှစ်တွင် တစ်ဧက-၁၂.၃၃၀၇၆ Hoppus ton ထွက်ရှိသည်ဟု ခန့်မှန်းတွက်ချက်ထားပါသည်။

ဧယား(၉.၂.၂.၁.၁.၆.၂)က

စဉ်	နှစ်စဉ်စိုတ်ကွက်	သတ်ပတ် ၄၀ ပြည့်မည့်နှစ်	ဧရိယာ (ဧက)	အပြီးသတ်တောထွက် (Hoppus–Cubic ton)
(၁)	(၂)	(၃)	(၄)	(၅)
၁	၁	၂၀၃၀	၁၀၀	၁၂၅၂.၂၆၁
၂	၂	၂၀၃၁	၁၅၀	၁၈၇၈.၃၉၂
၃	၃	၂၀၃၂	၁၅၀	၁၈၇၈.၃၉၂
၄	၄	၂၀၃၄	၄၀၀	၅၀၀၉.၀၄၈
၅	၅	၂၀၃၅	၁၀၀၀	၁၂၅၂.၆၁
၆	၆	၂၀၃၆	၁၀၀၀	၁၂၅၂.၆၁
၇	၇	၂၀၃၇	၈၅၀	၁၀၆၄၄.၂၂၇
၈	၈	၂၀၃၈	၅၀၀	၆၂၆၂.၃၁၀

စဉ်	နှစ်စဉ် စိုတ်ကွက်	သတ်ပတ် ၄၀ ပြည့်မည့်နှစ်	ဧရိယာ (ဧက)	အပြီးသတ်တောထွက် (Hoppus–Cubic ton)
(၁)	(၂)	(၃)	(၄)	(၅)
၉	၉	၂၀၃၉	၃၀၀	၃၇၅၆.၇၈၆
၁၀	၁၀	၂၀၄၀	၃၀၀	၃၇၅၆.၇၈၆
၁၁	၁၁	၂၀၄၁	၃၀၀	၃၇၅၆.၇၈၆
၁၂	၁၂	၂၀၄၂	၃၀၀	၃၇၅၆.၇၈၆
၁၃	၁၃	၂၀၄၃	၃၀၀	၃၇၅၆.၇၈၆
၁၄	၁၄	၂၀၄၄	၃၀၀	၃၇၅၆.၇၈၆
၁၅	၁၅	၂၀၄၅	၃၀၀	၃၇၅၆.၇၈၆
၁၆	၁၆	၂၀၄၆	၃၀၀	၃၇၅၆.၇၈၆
၁၇	၁၇	၂၀၄၇	၂၀၀	၂၅၀၄.၅၂၄
၁၈	၁၈	၂၀၄၈	၄၀၀	၅၀၀၉.၀၄၈
၁၉	၁၉	၂၀၄၉	၁၅၀	၁၈၇၈.၃၉၃
၂၀	၂၀	၂၀၅၀	၁၅၀	၁၈၇၈.၃၉၃
၂၁	၂၁	၂၀၅၁	၀၀၀	၁၂၅၅.၂၆၁

ဇယား- ကျောက်ဖြူခရိုင်ရှိ ကျွန်းစိုက်ခင်းအားလုံးကိုဒေသအတန်းအစား (၂/၃)၏သစ်ထွက်ဇယားအတိုင်းတွက်ချက်ဖော်ပြထားပါသည်။

ဇယား(၉.၂.၂.၁.၁.၆.၂)ခ

စဉ်	နှစ်စဉ် စိုတ်ကွက်	သတ်ပတ် ၆၀ ပြည့်မည့်နှစ်	ဧရိယာ (ဧက)	အပြီးသတ်တောထွက် (Hoppus–Cubic ton)
(၁)	(၂)	(၃)	(၄)	(၅)
၁	၁	၂၀၅၀	၁၀၀	၁၂၃၃.၀၇၆
၂	၂	၂၀၅၁	၁၅၀	၁၈၄၉.၆၁၄
၃	၃	၂၀၅၂	၁၅၀	၁၈၄၉.၆၁၄
၄	၄	၂၀၅၄	၄၀၀	၄၉၃၂.၃၀၄
၅	၅	၂၀၅၅	၁၀၀၀	၁၂၃၃၀.၇၆
၆	၆	၂၀၅၆	၁၀၀၀	၁၂၃၃၀.၇၆
၇	၇	၂၀၅၇	၈၅၀	၁၀၄၈၁.၁၄၆
၈	၈	၂၀၅၈	၅၀၀	၆၁၆၅.၃၈၀
၉	၉	၂၀၅၉	၃၀၀	၃၆၉၉.၂၂၈
၁၀	၁၀	၂၀၆၀	၃၀၀	၃၆၉၉.၂၂၈
၁၁	၁၁	၂၀၆၁	၃၀၀	၃၆၉၉.၂၂၈
၁၂	၁၂	၂၀၆၂	၃၀၀	၃၆၉၉.၂၂၈
၁၃	၁၃	၂၀၆၃	၃၀၀	၃၆၉၉.၂၂၈
၁၄	၁၄	၂၀၆၄	၃၀၀	၃၆၉၉.၂၂၈
၁၅	၁၅	၂၀၆၅	၅၀၀	၆၁၆၅.၃၈၀
၁၆	၁၆	၂၀၆၆	၃၀၀	၃၆၉၉.၂၂၈
၁၇	၁၇	၂၀၆၇	၂၀၀	၂၄၆၆.၁၅၄၂
၁၈	၁၈	၂၀၆၈	၄၀၀	၄၉၃၂.၃၀၄

စဉ်	နှစ်စဉ် စိုတ်ကွက်	သတ်ပတ် ၆၀ ပြည့်မည့်နှစ်	ဧရိယာ (ဧက)	အပြီးသတ်တောထွက် (Hoppus–Cubic ton)
(၁)	(၂)	(၃)	(၄)	(၅)
၁၉	၁၉	၂၀၆၉	၁၅၀	၁၈၄၉.၆၁၄
၂၀	၂၀	၂၀၇၀	၁၅၀	၁၈၄၉.၆၁၄
၂၁	၂၁	၂၀၇၀	၁၀၀	၁၂၃၃.၀၇၆

ဇယားမြစ်- ကျောက်ဖြူခရိုင်ရှိ ကျွန်းစိုက်ခင်းအားလုံးကို ဒေသအတန်းအစား (၂/၃)၏ သစ်ထွက်ဇယားအတိုင်း တွက်ချက်ဖော်ပြထားပါသည်။

၉.၂.၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်းနှင့်ဥပဒေစည်းမျဉ်းစည်းကမ်းများဆိုင်ရာ စီစဉ်ခန့်ခွဲမှု

စိုက်ခင်းတည်ထောင်ခြင်းထိန်းသိမ်းခြင်းလုပ်ငန်းတွင်မြို့နယ်အသီးသီးမှတောအုပ်ကြီး (၁)ဦးစီအား စိုက်ခင်းတာဝန်ခံအဖြစ်တာဝန်ပေး၍ တောအုပ်၊ တောခေါင်း၊ တောကြပ် များဖြင့် ကြီးကြပ်လုပ်ကိုင်စေပါသည်။ မြို့နယ်ဦးစီးအရာရှိများမှ လိုအပ်သော ကူညီပံ့ပိုးမှု များကိုကူညီဆောင်ရွက်ပေးပါသည်။ မြို့နယ်မှူးများမှစီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကိုပံ့ပိုးဆောင်ရွက်ပေးပါသည်။ အခါအားလျော်စွာ ကွင်းဆင်းကြီးကြပ် စစ်ဆေးပါသည်။ တောင်ယာသမားများလုံလောက်မှုမရှိသဖြင့် ပတ်ဝန်းကျင်ကျေးရွာများမှ ရွာသူ/ရွာသားများအား လုပ်ငန်းတစ်ခုချင်းအလိုက် လုပ်အားခပေးချေ၍ လုပ်ငန်းများဆောင်ရွက်ရပါသည်။ ရံဖန်ရံခါ အာဏာပိုင် အဖွဲ့ အစည်းများအကူအညီဖြင့် လုပ်သားရရှိမှု စည်းရုံးဆောင်ရွက်ရသည်များလည်း ရှိပါ သည်။ ကျောက်ဖြူခရိုင်သည် ရေလမ်းခရီးဖြင့်သာ တစ်မြို့နယ်မှတစ်မြို့နယ်သို့ ကူးလူးသွားရောက်နိုင်ပါသည်။လုပ်ငန်းများပို မိုထိရောက်အောင်မြင်စေရန်အတွက် ကွင်းဆင်းစစ်ဆေးကြီးကြပ်မှုများ ပိုမိုဆောင်ရွက်နိုင်ရန် အလို့ငှာ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊မြို့နယ်အဆင့်များအတွက် သင့်တင့် လျောက်ပတ်သည့် မော်တော်ဘုတ် ရေယာဉ်များမလွဲမသွေရှိသင့်ပါသည်။ နိုင်ငံတော်၏ သစ်တောသယံဇာတများကို အကျိုးအရှိဆုံးအသုံးချသွားနိုင်ရေးအတွက် လည်းကောင်း၊ သဘာဝသစ်တောများကို ထိရောက်စွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေး အထောက်အကူဖြစ်စေရန် အတွက်လည်းကောင်း၊ သစ်တောစိုက်ခင်းများကို စိုက်ပျိုးလုပ်ကိုင်ရမည်ဖြစ်ရာ တည်ထောင်ပြီးစိုက်ခင်းများကို ထိခိုက်ပျက်စီးမှုမရှိစေရန် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်း၊ အချိန်မှန်ပြုစုထိန်းသိမ်းပေးခြင်း၊ သစ်တောဥပဒေဖြင့် ကာကွယ် ပေးခြင်းများအားအစဉ်တစိုက် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင် နိုင်ရေးအတွက် လူအင်အား၊ ငွေအင်အား၊ ပစ္စည်းအင်အားများလည်း မလွဲမသွေ လိုအပ်မည် ဖြစ်ပါသည်။

၉.၂.၄ ဘတ်ဂျက်နှင့်ဘဏ္ဍာရေး

ခွင့်ပြုထားသည့် လုပ်အားခနှုန်းထားနှင့် ခွဲဝေချထားပေးသည့် ရံပုံငွေများသည် အမှန်တကယ်လိုအပ်သည့်ပမာဏထက် လွန်စွာလျော့နည်းနေပါသည်။ အနည်းဆုံး(၅)ဆ အထိတိုးမြှင့်ခွဲဝေချထားပေးသင့်ပါသည်။သို့မှသာအောင်မြင်ဖြစ်ထွန်းသည့်သစ်တော စိုက်ခင်းများ ထွက်ပေါ်လာမည်ဖြစ်ပါသည်။ အသုံးစရိတ်မြင့်မားလာသည်နှင့်အမျှ တစ်ဘက်မှလည်း ဘဏ္ဍာငွေယိုဖိတ်မှု၊ လုပ်ငန်းလစ်ဟင်းမှုများမဖြစ်ပေါ်စေရေးအ တွက်ပိုမို၍ ကြီးကြပ်ကွပ်ကဲပေးရမည်ဖြစ်ပါသည်။

၉.၃ ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ

၉.၃.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

နိုင်ငံတော်၏ စီးပွားတိုးတက်မှုအပေါ် အထောက်အကူဖြစ်စေရန်၊ သဘာဝဝန်းကျင် တည်ငြိမ်မှုနှင့်ဂေဟစနစ်မျှမှုကိုပြန်လည်ရရှိစေရန်နှင့် ဒေသခံပြည်သူလူထု၏ အခြေခံ စားဝတ်နေရေးလိုအပ်ချက်များကို ဖြေရှင်းရာတွင်အထောက်အပံ့ဖြစ်စေရန် စသည့် ရည်ရွယ်ချက်များပါဝင်ပါသည်။

ပြည်သူလူထု၏ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုကိုရယူပြီးသစ်တောမရှိသော နေရာ များတွင် သစ်တောတည်ထောင်ခြင်း၊ သစ်တောများပျက်စီးပြုန်းတီး သွားသောနေရာ များတွင် သစ်တောများပြန်လည် ပြုစုပျိုးထောင်ခြင်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

၉.၃.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

ခရိုင်အတွင်းရှိ ဒေသခံပြည်သူလူထု၏အခြေခံစားဝတ်နေရေး လိုအပ်ချက်များကိုဖြည့် ဆည်းပေးရန် ဦးတည်လျက်၊ သစ်တောထွက်ပစ္စည်းများဖြစ်သည့် သစ်၊ ထင်း၊ တိုင်၊ မျော၊ ဝါးစသည်တို့ကို သစ်တောများအတွင်းမှ ရေရှည်ထုတ်လုပ်သုံးစွဲနိုင်ရန်နှင့် သစ်တောများမရှိသောနေရာများ၊သစ်တောပြုန်းတီးပျက်စီးသွားသော နေရာများတွင် ကျေးရွာသုံး/ဒေသခံ ပြည်သူအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ ဓမ္မတာ နည်းဖြင့်ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို ဒေသခံပြည်သူလူထု၏ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့်အုပ်ချုပ်လုပ်ကိုင်သွားရမည်ဖြစ်ပါသည်။

ဒေသထောက်ပံ့ရေး / ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများကို သစ်ပင်ပေါက် ရောက်မှုအခြေအနေ၊ သစ်တောစိုက်ပျိုးပြုစုနည်းစနစ်၊ ထုတ်လုပ်မည့်နည်းစနစ်၊

ချမှတ်ထားသည့်ခုတ်ပတ်၊ ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားတို့အပေါ်မူတည်၍ တောထွက်တွက်ချက်ပြီးလိုအပ်သလို အလုပ်တိုက်နယ်များ၊ လုပ်ကွက်စဉ်များ၊ ခုတ်ကွက်စဉ်များ ၊ စနစ်တကျဖွဲ့စည်းအုပ်ချုပ်လုပ်ကိုင်သွားရမည်ဖြစ်ပါသည်။ ထို့အပြင်ဖွဲ့စည်းထားသည့် လုပ်ကွက်စဉ်များ အတွင်းရှိသစ်တောထွက်ပစ္စည်းများ၏ ပေါက်ရောက်မှုနှင့်ထွက်ရှိမှုအခြေအနေကို သိရှိနိုင်ရန်အတွက်သစ်မထုတ်မီ သယ်ဇာတစာရင်းကောက်ယူခြင်း၊ သစ်ထုတ်ပြီးလိုအပ်သော သစ်တောစိုက်ပျိုးပြုစုနည်းစနစ်များလုပ်ကိုင်နိုင်ရန်အတွက် သစ်ထုတ်ပြီးသယ်ဇာတစာရင်း ကောက်ယူခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၉.၃.၂.၁ ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများအလုပ်တိုက်နယ်

၉.၃.၂.၁.၁ အလုပ်တိုက်နယ်နှင့်လုပ်ကွက်စဉ်ဖွဲ့စည်းခြင်း

ဒေသထောက်ပံ့ရေး/ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ အလုပ်တိုက်နယ်ဖွဲ့စည်းရာတွင် -

(၁) ဒေသအတွင်းနေထိုင်သည့် လူဦးရေပမာဏ

(၂) သစ်တောထွက်ပစ္စည်းလိုအပ်ချက်နှင့်

(၃)သစ်တောများမှထွက်ရှိမှုပမာဏစသည့်အချက်များအပေါ်အခြေခံပါသည်။

ခုတ်စဉ်အလိုက်ခွဲဝေချထားသော ဧရိယာများကို ဇယား(၉-၃-၂-၁-၁)က တွင် ဖော်ပြထားပါသည်။ အကျိုးဖြစ်ထွန်းနိုင်သော(Effective) ဧရိယာများတွင် လက်ရှိအပင်ပေါက်ရောက်နေသော ဧရိယာများနှင့် ပြန်လည်ပြုစုပျိုးထောင်နိုင်သော ဧရိယာများပါဝင်ပြီး (Ineffective) ဖြစ်ထွန်းနိုင်ခြင်းမရှိသော ဧရိယာများထည့်သွင်းထားပါသည်။ ဝန်ဗိုက်ကြိုးဝိုင်းနှင့်မင်းကြောင်းကြိုးပြင် ကာကွယ်တောတို့ကိုအလုပ်တိုက်နယ်တွင်ထည့်သွင်းဖွဲ့စည်းထားခြင်းမရှိပါ။ သဘာဝဘေးရန်များမှ လူသားများကို ကာကွယ်ပေးရန်ထိန်းသိမ်းစောင့်ရှောက်သင့်သည့် ဒီရေတောများဖြစ်သည့်အတွက် ဒေသခံပြည်သူများအား ထောက်ပံ့ထုတ်လုပ်ပေးခြင်း ရပ်နားထားပြီး ဒီရေတောများအလုပ်တိုက်နယ်အဖြစ် အထူးအလုပ်တိုက်နယ်တွင် ထည့်သွင်းဖွဲ့စည်းထားပါမည်။ အုပ်ချုပ်လုပ်ကိုင်မှုလွယ်ကူထိရောက်စေရန်နှင့် ပြန်လည်ထူထောင် ရေးလုပ်ငန်းများအရှိန်အဟုန်ဖြင့်လုပ်ကိုင်နိုင်ရန် ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်များကို ဇယား(၉-၃-၂-၁-၁)(ခ)တွင် ဖော်ပြထားသည့်အတိုင်း အတန်းအစားများ

ခွဲခြားဆောင်ရွက်မည်ဖြစ်ပါသည်။ ခုတ်စဉ်အလိုက် နှစ်စဉ် ခွင့်ပြုနိုင်မည့် တောထွက်အလားအလာ (Potential Annual Yield)ကို ဇယား(၉-၃-၂-၁-၁-)(ဂ)တွင်တွက်ချက် ဖော်ပြထားပါသည်။ ကျောက်ဖြူခရိုင်တွင် ဒေသထောက်ပံ့ရေးသစ်တောများအလုပ်တိုက်နယ် တစ်ခုဖွဲ့စည်းထားကာ ထွက်ရှိသည့်သစ်တောထွက်ပစ္စည်းအမျိုးအစား၊ ဒေသခံပြည်သူတို့၏အခြေခံ လိုအပ်ချက်၊ ထုတ်ယူရရှိနိုင်သည့်အလားအလာ၊ လမ်းပန်းဆက်သွယ်မှု အခြေအနေစသည်တို့အပေါ်တွင်အခြေခံ၍ လုပ်ကွက်စဉ်/ခုတ်စဉ်(၅)၊ (၉၂၉၃၃)ဧကဖြင့် ဖွဲ့စည်းဆောင်ရွက် အုပ်ချုပ်လုပ်ကိုင်သွားမည်ဖြစ် ပါသည်။ လုပ်ကွက်စဉ်/ခုတ်စဉ်(၅)ခု ဖွဲ့စည်းတည်ထောင်ခြင်းဖြင့် ဒေသခံ ပြည်သူတို့၏ သစ်၊ ထင်း၊ တိုင်၊ မျော၊ ဝါး စသည့်သစ်တောထွက်ပစ္စည်း အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ဒေသထောက်ပံ့ရေး/ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများအလုပ်တိုက်နယ်၊ လုပ်ကွက်စဉ်ဖွဲ့စည်းမှု

ယေား (၉.၃.၂.၁.၁) က

လုပ်ကွက်စဉ်	ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော / သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ (ကြိုးပြင်တော)	အကွက်အမှတ်များ	ဧရိယာ (ဧက)				
			အစုအဖွဲ့ပိုင်	စိုက်ခင်း	သဘာဝတော		စုစုပေါင်း
					Effective	Ineffective	
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)
I	**<u>ကျောက်ဖြူမြို့နယ်</u>**						
	နတ်ကန်တောင်ကြိုးပြင်ကာကွယ်တော		-	၂၀၁	၈၆၀၀	၁၁၂၅	၁၀၃၂၆
	ကျောက်ဖြူကြိုးပြင်	၂၈ (က)	-	၁၃၆၁	၁၄၇၇၂၅	၁၀၃၉၃	၁၅၉၀၇၉
	ရမ်းဗြဲကြိုးပြင်	၂၉ (က)	-	၄၃	၁၃၀၅၀၀	၆၉၈၈	၁၃၇၅၃၁
	လုပ်ကွက်စဉ်(I)ပေါင်း			**၁၆၀၅**	**၂၈၆၈၂၅**	**၁၈၅၀၆**	**၃၀၆၉၃၆**
II	**<u>မာန်အောင်မြို့နယ်</u>**						
	ရမ်းဗြဲကြိုးပြင်	၂၉(ဂ)	-	၁၄	၇၀၈၀၀	၉၀၂၈	၇၉၈၄၂
	လုပ်ကွက်စဉ်(II)ပေါင်း			**၁၄**	**၇၀၈၀၀**	**၉၀၂၈**	**၇၉၈၄၂**
III	**<u>ရမ်းဗြဲမြို့နယ်</u>**						
	ကွမ်းချိန်တောင်ကြိုးပြင်ကာကွယ်တော		၁၂၃၆	-	၁၆၂၀၄	၂၅၈၀	၂၀၀၂၀
	ရမ်းဗြဲကြိုးပြင်	၂၉ (ခ)	-	၁၁၅	၆၄၉၀၀	၂၉၀၇	၆၇၉၂၂
	လုပ်ကွက်စဉ်(III)ပေါင်း		**၁၂၃၆**	**၁၁၅**	**၈၁၁၀၄**	**၅၄၈၇**	**၈၇၉၄၂**
IV	**<u>အမ်းမြို့နယ်</u>**						
	ရူး-မအီ ကြိုးပြင်ကာကွယ်တော		၃၁၂၂	၅၂	၂၇၈၀၆	၉၃၂၆	၄၀၃၀၆
	ဒါးလက်ကြိုးပြင်တော	၂၅	-	၇	၁၁၆၀၀၀	၄၀၇၆	၁၂၀၀၈၃
	လုပ်ကွက်စဉ်(IV)ပေါင်း		**၃၁၂၂**	**၅၉**	**၁၄၃၈၀၆**	**၁၃၄၀၂**	**၁၆၀၃၈၉**
V	**<u>အမ်းမြို့နယ်</u>**						
	အမ်းကြိုးပြင်တော	၂၆	၇၅	၄၀၉	၂၂၃၅၂၅	၁၇၅၂၃	၂၄၁၅၃၂
	ကျောက်ဖြူကြိုးပြင်တော	၂၈ (ခ)	-	၄	၃၀၀၀	၅၀၁	၃၅၀၅
	ကမ်းတောင်းကြီးကြိုးပြင်	၂၃ (က)	-	၆	၄၁၀၀၀	၈၁၈၁	၄၉၁၈၇
	လုပ်ကွက်စဉ်(V)ပေါင်း		**၇၅**	**၄၁၉**	**၂၆၇၅၂၅**	**၂၆၂၀၅**	**၂၉၄၂၂၄**
	အလုပ်တိုက်နယ်ပေါင်း		**၄၄၃၃**	**၂၂၁၂**	**၈၅၀၀၆၀**	**၇၂၆၂၈**	**၉၂၉၃၃၃**

ဧစ်မြစ် - ကျောက်ဖြူခရိုင်၊ သစ်တောဦးစီးဌာန။

လုပ်ကွက်စဉ်အလိုက် ထောက်ပံ့ရေးနှင့် အနားပေးအကွက်ခွဲဝေမှုဇယား

ဇယား (၉.၃.၂.၁.၁) ခ

လုပ်ကွက်စဉ်	ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော / သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ (ကြိုးပြင်တော)	ထောက်ပံ့ရေးအကွက်	အနားပေးအကွက်	စုစုပေါင်း	မှတ်ချက်
(၁)	(၂)	(၃)	(၄)	(၅)	(၆)
I	**<u>ကျောက်ဖြူမြို့နယ်</u>**				
	နတ်ကန်တောင်ကြိုးပြင်ကာကွယ်တော	၆၅၆၀	၂၀၄၀	၈၆၀၀	
	ကျောက်ဖြူကြိုးပြင်	၁၁၇၉၂၅	၂၉၈၀၀	၁၄၇၇၂၅	
	ရမ်းဗြဲကြိုးပြင်	၁၀၄၄၀၀	၂၆၁၀၀	၁၃၀၅၀၀	
	လုပ်ကွက်စဉ်(I)ပေါင်း	**၂၂၈၈၈၅**	**၅၇၉၄၀**	**၂၈၆၈၂၅**	
II	**<u>မာန်အောင်မြို့နယ်</u>**				
	ရမ်းဗြဲကြိုးပြင်	၅၆၆၄၀	၁၄၁၆၀	၇၀၈၀၀	
	လုပ်ကွက်စဉ်(II)ပေါင်း	**၅၆၆၄၀**	**၁၄၁၆၀**	**၇၀၈၀၀**	
III	**<u>ရမ်းဗြဲမြို့နယ်</u>**				
	ကွမ်းချိန်တောင်ကြိုးပြင်ကာကွယ်တော	၁၂၂၀၄	၄၀၀၀	၁၆၂၀၄	
	ရမ်းဗြဲကြိုးပြင်	၅၁၉၀၀	၁၃၀၀၀	၆၄၉၀၀	
	လုပ်ကွက်စဉ်(III)ပေါင်း	**၆၄၁၀၄**	**၁၇၀၀၀**	**၈၁၁၀၄**	
IV	**<u>အမ်းမြို့နယ်</u>**				
	ရူး-မအီ ကြိုးပြင်ကာကွယ်တော	၂၃၃၈၈	၄၄၁၈	၂၇၈၀၆	
	ဒါးလက်ကြိုးပြင်တော	၉၂၈၀၀	၂၃၂၀၀	၁၁၆၀၀၀	
	လုပ်ကွက်စဉ်(IV)ပေါင်း	**၁၁၆၁၈၈**	**၂၇၆၁၈**	**၁၄၃၈၀၆**	
V	အမ်းကြိုးပြင်တော	၁၇၈၇၂၅	၄၄၈၀၀	၂၂၃၅၂၅	
	ကျောက်ဖြူကြိုးပြင်တော	၂၄၀၀	၆၀၀	၃၀၀၀	
	ကမ်းတောင်းကြီးကြိုးပြင်	၃၂၈၀၀	၈၂၀၀	၄၁၀၀၀	
	လုပ်ကွက်စဉ်(V)ပေါင်း	**၂၁၃၉၂၅**	**၅၃၆၀၀**	**၂၆၇၅၂၅**	
	အလုပ်တိုက်နယ်ပေါင်း	**၆၇၉၇၄၂**	**၁၇၀၃၁၈**	**၈၅၀၀၆၀**	

ဇစ်မြစ် - ကျောက်ဖြူခရိုင်၊ သစ်တောဦးစီးဌာန။

မှတ်ချက်။ ဒေသအားအထောက်အပံ့ပြုနိုင်သော သဘာဝတောဇရိယာများကိုသာ ထောက်ပံ့ရေးနှင့်အနားပေးကွက်ဖွဲ့စည်းထားရှိပြီးကျေး/သုံးစိုက်ခင်းများနှင့် ဒေသအစုအဖွဲ့ပိုင်စိုက်ခင်းများအားနှစ်စဉ်စိုက်ကွက်အလိုက်ဇယား (၉.၃.၂.၁.၁.)ဃဖြင့်ဖော်ပြထားပါသည်။

လုပ်ကွက်စဉ်အလိုက် နှစ်စဉ်ထောက်ပံ့ပေးနိုင်သော ဧရိယာတွက်ချက် ဖော်ပြမှုဇယား

ခုတ်ပတ် = ၂၀

ဇယား (၉.၃.၂.၁.၁)ဂ

ခုတ်စဉ်	ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော / သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရစီမံခန့်ခွဲဝိုင်ခွင့်ရှိသောမြေ (ကြိုးပြင်တော)	အကွက်အမှတ်များ	ကျေးရွာထောက်ပံ့ရေး အတွက်အသုံးပြုနိုင်သော ဧရိယာစုစုပေါင်း	ကျေးရွာထောက်ပံ့ရေး အတွက်နှစ်စဉ်အသုံးပြုနိုင်သောဧရိယာ	မှတ်ချက်
(၁)	(၂)	(၃)	(၄)	(၅)	(၆)
I	**<u>ကျောက်ဖြူမြို့နယ်</u>**				
	နတ်ကန်တောင်ကြိုးပြင်ကာကွယ်တော		၆၅၆၀	၃၂၈	
	ကျောက်ဖြူကြိုးပြင်	၂၈ (က)	၁၁၇၉၂၅	၅၈၉၆	
	ရမ်းဗြဲကြိုးပြင်	၂၉ (က)	၁၀၄၄၀၀	၅၂၂၀	
	လုပ်ကွက်စဉ်(I)ပေါင်း		**၂၂၈၈၈၅**	**၁၁၄၄၄**	
II	**<u>မာန်အောင်မြို့နယ်</u>**				
	ရမ်းဗြဲကြိုးပြင်	၂၉ (ဂ)	၅၆၆၄၀	၂၈၃၂	
	လုပ်ကွက်စဉ်(II)ပေါင်း		**၅၆၆၄၀**	**၂၈၃၂**	
III	**<u>ရမ်းဗြဲမြို့နယ်</u>**				
	ကွမ်းချိန်တောင်ကြိုးပြင်ကာကွယ်တော		၁၂၂၀၄	၆၁၀	
	ရမ်းဗြဲကြိုးပြင်	၂၉ (ခ)	၅၁၉၀၀	၂၅၉၅	
	လုပ်ကွက်စဉ်(III)ပေါင်း		**၆၄၁၀၄**	**၃၂၀၅**	
IV	**<u>အမ်းမြို့နယ်</u>**				
	ရူး-မအီ ကြိုးပြင်ကာကွယ်တော		၂၃၃၈၈	၁၁၆၉	
	ဒါးလက်ကြိုးပြင်တော	၂၅	၉၂၈၀၀	၄၆၄၀	
	လုပ်ကွက်စဉ်(IV)ပေါင်း		**၁၁၆၁၈၈**	**၅၈၁၀**	
V	အမ်းကြိုးပြင်တော	၂၆	၁၇၈၇၂၅	၈၉၃၆	
	ကျောက်ဖြူကြိုးပြင်တော	၂၈ (ခ)	၂၄၀၀	၁၂၀	
	ကမ်းတောင်းကြီးကြိုးပြင်	၂၃ (က)	၃၂၈၀၀	၁၆၄၀	
	လုပ်ကွက်စဉ်(V)ပေါင်း		**၂၁၃၉၂၅**	**၁၀၆၉၆**	
	အလုပ်တိုက်နယ်ပေါင်း		**၆၇၉၇၄၂**	**၃၃၉၈၇**	

ဆိုပါစို့ - ၃၃၉၉၀ ဧက ဧစ်မြစ် - ကျောက်ဖြူခရိုင်၊သစ်တောဦးစီးဌာန။

လုပ်ကွက်စဉ်အလိုက် နှစ်စဉ်ထောက်ပံ့ပေးနိုင်သော ထင်းဝါတိုင်/မျှော ထောက်ပံ့ရေး ဧရိယာတွက်ချက် ဖော်ပြမှုဇယား

ခုတ်ပတ် = ၅နှစ်

ဇယား (၉.၃.၂.၁.၁)ဃ

လုပ်ကွက်စဉ်	ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော / သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ (ကြိုးပြင်တော)	အကွက် အမှတ်များ	ဧရိယာ (ဧက)				ထောက်ပံ့ပေးနိုင်မည့် ဧရိယာ(ဧက)	
			အစုအဖွဲ့ ပိုင်	စိုက်ခင်း	သဘာဝတော (Effective)	စုစုပေါင်း	ထင်း	တိုင်/မျှော
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)
I	**<u>ကျောက်ဖြူမြို့နယ်</u>**							
	နတ်ကန်တောင်ကြိုးပြင်ကာကွယ်တော		-	၂၀၁	၆၅၆၀	၆၇၆၁	၈၀၂	၅၅၀
	ကျောက်ဖြူကြိုးပြင်	၂၈ (က)	-	၁၃၆၁	၁၁၇၉၂၅	၁၁၉၂၈၆	၁၂၃၅၇	၁၁၅၀၀
	ရမ်းဗြဲကြိုးပြင်	၂၉ (က)	-	၄၃	၁၀၄၄၀၀	၁၀၄၄၄၃	၁၀၈၀၀	၁၀၀၈၈
	လုပ်ကွက်စဉ်(I)ပေါင်း			**၁၆၀၅**	**၂၂၈၈၈၅**	**၂၃၀၄၉၀**	**၂၃၉၅၉**	**၂၂၁၃၈**
II	**<u>မာန်အောင်မြို့နယ်</u>**							
	ရမ်းဗြဲကြိုးပြင်	၂၉(ဂ)	-	၁၄	၅၆၆၄၀	၅၆၆၅၁	၅၀၃၀	၆၃၀၀
	လုပ်ကွက်စဉ်(II)ပေါင်း			**၁၄**	**၅၆၆၄၀**	**၅၆၆၅၁**	**၅၀၃၀**	**၆၃၀၀**
III	**<u>ရမ်းဗြဲမြို့နယ်</u>**							
	ကွမ်းချိန်တောင်ကြိုးပြင်ကာကွယ်တော		၁၂၃၆	-	၁၂၂၀၄	၁၃၄၄၀	၁၆၈၀	၁၀၀၈
	ရမ်းဗြဲကြိုးပြင်	၂၉ (ခ)	-	၁၁၅	၅၁၉၀၀	၅၂၀၁၅	၅၀၀၃	၅၄၀၀
	လုပ်ကွက်စဉ်(III)ပေါင်း		**၁၂၃၆**	**၁၁၅**	**၆၄၁၀၄**	**၆၅၄၅၅**	**၆၆၈၃**	**၆၄၀၈**
IV	**<u>အမ်းမြို့နယ်</u>**							
	ရူး-မအီ ကြိုးပြင်ကာကွယ်တော		၃၁၂၂	၅၂	၂၃၃၈၈	၂၆၅၆၂	၃၀၇၂	၂၂၄၀
	ဒါးလက်ကြိုးပြင်တော	၂၅	-	၇	၉၂၈၀၀	၉၂၈၀၇	၈၉၂၁	၉၆၄၀
	လုပ်ကွက်စဉ်(IV)ပေါင်း		**၃၁၂၂**	**၅၉**	**၁၁၆၁၈၈**	**၁၁၉၃၆၉**	**၁၁၉၉၃**	**၁၁၈၈၀**
V	**<u>အမ်းမြို့နယ်</u>**							
	အမ်းကြိုးပြင်တော	၂၆	၇၅	၄၀၉	၁၇၈၇၂၅	၁၇၉၂၀၉	၂၀၀၄၁	၁၅၈၀၀
	ကျောက်ဖြူကြိုးပြင်တော	၂၈ (ခ)	-	၄	၂၄၀၀	၂၄၀၄	၂၂၀	၂၆၀
	ကမ်းတောင်းကြီးကြိုးပြင်	၂၃ (က)	-	၆	၃၂၈၀၀	၃၂၈၀၆	၃၃၆၁	၃၂၀၀
	လုပ်ကွက်စဉ်(V)ပေါင်း		**၇၅**	**၄၁၉**	**၂၁၃၉၂၅**	**၂၁၄၄၁၉**	**၂၃၆၂၂**	**၁၉၂၆၀**
	အလုပ်တိုက်နယ်ပေါင်း		**၄၄၃၃**	**၂၂၁၂**	**၆၇၉၇၄၂**	**၆၈၆၃၈၄**	**၇၁၂၈၇**	**၆၅၉၈၆**

ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်ရှိ ကျေးရွာသုံးစိုက်ခင်းများ၏

နှစ်စဉ်စိုက်ကွက်အလိုက်ဖော်ပြမှုဇယား

စိုက်ကွက်စဉ်(I) ကျေး/ထင်းစိုက်ခင်း (ဇယား(၉.၃.၂.၁.၁)င

စဉ်	မြို့နယ်	နှစ်စဉ်စိုက်ကွက်	သစ်မျိုး	တည်ထောင်သည့်ခုနှစ်	ကြိုဝိုင်း/ကြိုးပြင်ကာကွယ်တော/ကြိုးပြင်	အကွက်	စိုက်ခင်းအမှတ်	တည်ထောင်သည့်ဧရိယာ(ဧက)	ပန္နက်အကွာအဝေး
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)	(၁၀)
၁	ရမ်းဗြဲ	၁	အော်ရီရှား	၁၉၉၅	ရမ်းဗြဲကြိုးပြင်	၂၉	၁/၉၅	၁၀၀	၆' x ၆'
			နှစ်စဉ်စိုက်ကွက်(၁)ပေါင်း					**၁၀၀**	
၂	ကျောက်ဖြူ	၂	အော်ရီရှား	၁၉၉၆	ကျောက်ဖြူကြိုးပြင်	၂၈		၂၀၀	။
			နှစ်စဉ်စိုက်ကွက်(၂)ပေါင်း					**၂၀၀**	
၃	ကျောက်ဖြူ	၃	အော်ရီရှား	၁၉၉၇	ကျောက်ဖြူကြိုးပြင်	၂၈		၁၀၀	။
			နှစ်စဉ်စိုက်ကွက်(၃)ပေါင်း					**၁၀၀**	
၄ ၅	ကျောက်ဖြူ အမ်း	၄	အော်ရီရှား ။	၁၉၉၈ ၁၉၉၈	ကျောက်ဖြူကြိုးပြင် ကြိုးပြင်	၂၈ ၂၆	၁/၉၈ ၂/၉၈	၁၅၀ ၅၀	။ ။
			နှစ်စဉ်စိုက်ကွက်(၄)ပေါင်း					**၂၀၀**	
၆ ၇	ကျောက်ဖြူ အမ်း	၅	အော်ရီရှား ။	၁၉၉၉ ၁၉၉၉	ကျောက်ဖြူကြိုးပြင် ကြိုးပြင်	၂၈ ၂၆	၁/၉၉ ၂/၉၉	၁၅၀ ၅၀	။ ။
			နှစ်စဉ်စိုက်ကွက်(၅)ပေါင်း					**၂၀၀**	
၈ ၉	ကျောက်ဖြူ အမ်း	၆	အော်ရီရှား ။	၂၀၀၀ ၂၀၀၀	ကျောက်ဖြူကြိုးပြင် ကြိုးပြင်	၂၈ ၂၆	၁/၀၀ ၂/၀၀	၁၅၀ ၅၀	။ ။
			နှစ်စဉ်စိုက်ကွက်(၆)ပေါင်း					**၂၀၀**	
၁၀ ၁၁	ကျောက်ဖြူ အမ်း	၇	အော်ရီရှား ။	၂၀၀၁ ၂၀၀၁	ကျောက်ဖြူကြိုးပြင် ကြိုးပြင်	၂၈ ၂၆	၁/၀၁ ၂/၀၁	၂၀၀ ၅၀	။ ။
			နှစ်စဉ်စိုက်ကွက်(၇)ပေါင်း					**၂၅၀**	

စဉ်	မြို့နယ်	နှစ်စဉ်စိုက်ကွက်	သစ်မျိုး	တည်ထောင်သည့်နှစ်	ကြိုဝိုင်း/ကြိုးပြင်ကာကွယ်တော/ကြိုးပြင်	အကွက်	စိုက်ခင်းအမှတ်	တည်ထောင်သည့်ဧရိယာ (ဧက)	ပန္နက်အကွာအဝေး
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)	(၁၀)
၁၂ ၁၃	ကျောက်ဖြူ အမ်း	၈	သစ်ဖြူ သစ်ဆိမ့်	၂၀၀၂ ၂၀၀၂	နတ်ကန်တောင်ကြိုး/ကာကြိုးပြင် ကြိုးပြင်	- ၂၆	၁/၀၂ ၃/၀၂	၂၀၀ ၅၀	၆' x ၆' ။
			နှစ်စဉ်စိုက်ကွက်(၈)ပေါင်း					**၂၅၀**	
၁၄ ၁၅	ကျောက်ဖြူ အမ်း	၉	သစ်ဖြူ သစ်ဆိမ့်	၂၀၀၃ ၂၀၀၃	ကြိုးပြင် ။	- ၂၆	၁/၀၃ ၃/၀၃	၂၀၀ ၅၀	။ ။
			နှစ်စဉ်စိုက်ကွက်(၉)ပေါင်း					**၂၅၀**	
၁၆ ၁၇	ကျောက်ဖြူ အမ်း	၁၀	သစ်ဖြူ သစ်ဆိမ့်	၂၀၀၄ ၂၀၀၄	ကြိုးပြင် ။	- ၂၆	၁/၀၄ ၄/၀၄	၂၀၀ ၅၀	။ ။
			နှစ်စဉ်စိုက်ကွက် (၁၀)ပေါင်း					**၂၅၀**	
၁၈ ၁၉	ကျောက်ဖြူ အမ်း	၁၁	စစ်၊ မယ်ဇလီ ယူကလစ်/ မယ်ဇလီ	၂၀၀၉ ၂၀၀၉	ကြိုးပြင် ။	- ၂၆	၂/၀၉ ၂/၀၉	၁၀၀ ၅၀	။ ။
			နှစ်စဉ်စိုက်ကွက် (၁၁)ပေါင်း					**၁၅၀**	
	စုစုပေါင်း							**၂၁၅၀**	

ဇစ်မြစ် - ကျောက်ဖြူခရိုင်၊သစ်တောဦးစီးဌာန။

ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်ရှိ ဒေသအစုအဖွဲ့ပိုင်စိုက်ခင်းများ၏ နှစ်စဉ်စိုက်ကွက်အလိုက် ဖော်ပြမှုဇယား

စိုက်ကွက်စဉ်(I I) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်း ဇယား(၉.၃.၂.၁.၁)င

စဉ်	မြို့နယ်	နှစ်စဉ် စိုက် ကွက်	သစ်မျိုး	တည် ထောင် သည့် ခုနှစ်	ကြိုဝိုင်း/ ကြိုးပြင် ကာကွယ် တော/ကြိုးပြင်	အ ကွက်	စိုက် ခင်း အမှတ်	တည် ထောင် သည့်ဧရိ ယာ (ဧက)	ပန္နက် အကွာ အဝေး
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)	(၁၀)
၁	အမ်း	၁	အော်ရီရှား၊ သစ်ဖြူ	၂၀၁၂	ကြိုးပြင်	-	-	၇၅	၆'x ၆'
၂		၂	အော်ရီရှား၊ သစ်ဖြူ	၂၀၁၂	ရူး-မအီကြိုး ပြင်ကာကွယ် တော	-	-	၃၄၅	၆'x ၆'
			နှစ်စဉ်စိုက်ကွက်(၁)ပေါင်း					**၄၂၀**	
၃	အမ်း	၁	အော်ရီရှား၊ သစ်ဖြူ	၂၀၁၃	ရူး-မအီကြိုး ပြင်ကာကွယ် တော	-	-	၃၀၀	၆'x ၆'
			နှစ်စဉ်စိုက်ကွက်(၂)ပေါင်း					**၃၀၀**	
၄	အမ်း	၁	ပျဉ်းကတိုး ယူကလစ် ပိန္နဲ၊ဒညင်း	၂၀၁၄	ရူး-မအီကြိုး ပြင်ကာကွယ် တော	-	-	၆၀၃.၂၂	၆'x ၆'
၅	ရမ်းပြဲ	၂	ကျွန်း	၂၀၁၄	ကွန်းချိန်တောင် ကြိုးပြင်	-	-	၁၃၈.၉၆	
			နှစ်စဉ်စိုက်ကွက်(၃)ပေါင်း					**၇၄၂.၁၈**	
၆	အမ်း	၁	ကျွန်း၊ ပျဉ်းကတိုး ယူကလစ် ပိန္နဲ၊ဒညင်း	၂၀၁၅	ရူး-မအီကြိုး ပြင်ကာကွယ် တော	-	-	၁၈၇၃.၃၈	
၇	ရမ်းပြဲ	၂	ကျွန်း	၂၀၁၅	ကွန်းချိန်တောင် ကြိုးပြင်	-	-	၁၀၉၆.၉၅	
			နှစ်စဉ်စိုက်ကွက်(၄)ပေါင်း					**၂၉၇၀.၃၃**	
			စုစုပေါင်း					**၄၄၃၂.၅၁**	

ဇစ်မြစ် - ကျောက်ဖြူခရိုင်၊ သစ်တောဦးစီးဌာန။

ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်ရှိ ဒေသအစုအဖွဲ့ပိုင်စိုက်ခင်းများ၏ နှစ်စဉ်စိုက်ကွက်အလိုက် ဖော်ပြမှုဇယား

စိုက်ကွက်စဉ်(I I I) ကျေးလက်အိမ်ရာထူထောင်ရေးတစ်ရွာ(၁)ဧကစိုက်ခင်း ဇယား(၉.၃.၂.၁.၁)၈

စဉ်	မြို့နယ်	နှစ်စဉ် စိုက်ကွက်	သစ်မျိုး	တည်ထောင်သည့် ခုနှစ်	ကြိုဝိုင်း/ကြိုးပြင် ကာကွယ်တော/ကြိုးပြင်	အကွက်	စိုက်ခင်း အမှတ်	တည်ထောင်သည့်ဧရိယာ (ဧက)	ပန္နက်အကွာအဝေး'
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)	(၁၀)
၁	ကျောက်ဖြူ	၁	ယူကလစ်	၂၀၀၉	ကြိုးပြင်	-	-	၂၀	၆'x ၆'
	မာန်အောင်		။	။	။	-	-	၄	
	ရမ်းဇွဲ		။	။	။	-	-	၅	
	အမ်း		။	။	ရူး-မအီ/ကြိုးပြင်	-	-	၂၄	
			နှစ်စဉ်စိုက်ကွက်(၁)ပေါင်း			-	-	**၅၃**	
၂	ကျောက်ဖြူ	၂	ယူကလစ်	၂၀၁၀	နတ်ကန်တောင် ကြိုးပြင်ကာကွယ်တော/ ကြိုးပြင်	-	-	၁၂	၆'x ၆'
	မာန်အောင်		။	။	ကြိုးပြင်	-	-	၁	
	ရမ်းဇွဲ		။	။	။	-	-	၁	
	အမ်း		။	။	ရူး-မအီ/ကြိုးပြင်	-	-	၁၇	
			နှစ်စဉ်စိုက်ကွက်(၂)ပေါင်း			-	-	**၃၁**	
၃	ကျောက်ဖြူ	၃	ယူကလစ်	၂၀၁၁	ကြိုးပြင်	-	-	၃	၆'x ၆'
	မာန်အောင်		။	။	။	-	-	၁	
	ရမ်းဇွဲ		။	။	။	-	-	၁	
	အမ်း		။	။	ရူး-မအီ/ကြိုးပြင်	-	-	၈	
			နှစ်စဉ်စိုက်ကွက်(၃)ပေါင်း			-	-	**၁၃**	
၄	ကျောက်ဖြူ	၄	ယူကလစ်	၂၀၁၂	နတ်ကန်တောင် ကြိုးပြင်ကာကွယ်တော/ ကြိုးပြင်	-	-	၁၅	၆'x ၆'
	မာန်အောင်		။	။	ကြိုးပြင်	-	-	၂	
	ရမ်းဇွဲ		။	။	။	-	-	၂	
	အမ်း		။	။	။	-	-	၁၅	
			နှစ်စဉ်စိုက်ကွက်(၄)ပေါင်း			-	-	**၄၀**	
၅	ကျောက်ဖြူ	၅	ယူကလစ်	၂၀၁၃	ကြိုးပြင်	-	-	၃	၆'x ၆'
	မာန်အောင်		။	။	။	-	-	၁	
	ရမ်းဇွဲ		။	။	။	-	-	၁	
	အမ်း		။	။	ရူး-မအီ/ကြိုးပြင်	-	-	၈	
			နှစ်စဉ်စိုက်ကွက်(၅)ပေါင်း			-	-	**၁၃**	

ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်ရှိ ဒေသအစုအဖွဲ့ပိုင်စိုက်ခင်းများ၏ နှစ်စဉ်စိုက်ကွက်အလိုက် ဖော်ပြမှုဇယား

စိုက်ကွက်စဉ်(I I I) ကျေးလက်အိမ်ရာထူထောင်ရေးတစ်ရွာ(၁)ဧကစိုက်ခင်း ဇယား(၉.၃.၂.၁.၁)င

စဉ်	မြို့နယ်	နှစ်စဉ် စိုက်ကွက်	သစ်မျိုး	တည်ထောင်သည့် ခုနှစ်	ကြိုဝိုင်း/ ကြိုးပြင် ကာကွယ်တော/ကြိုးပြင်	အကွက်	စိုက်ခင်း အမှတ်	တည်ထောင်သည့်ဧရိယာ (ဧက)	ပန္နက်အကွာအဝေ'
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)	(၁၀)
၆	ကျောက်ဖြူ	၆	ယူကလစ်	၂၀၁၄	ကြိုးပြင်	-	-	၁	၆'x ၆'
	မာန်အောင်		။	။	။	-	-	၁	
	ရမ်းဇြဲ		။	။	။	-	-	၁	
	အမ်း		။	။	ရူး-မအီ/ကြိုးပြင်	-	-	၅	
			နှစ်စဉ်စိုက်ကွက်(၆)ပေါင်း			-	-	**၈**	
၇	ကျောက်ဖြူ	၇	ယူကလစ်	၂၀၁၅	ကြိုးပြင်	-	-	၁	၆'x ၆'
	မာန်အောင်		။	။	။	-	-	၁	
	ရမ်းဇြဲ		။	။	။	-	-	၁	
	အမ်း		။	။	ရူး-မအီ/ကြိုးပြင်	-	-	၈	
			နှစ်စဉ်စိုက်ကွက်(၇)ပေါင်း			-	-	**၁၁**	
			စုစုပေါင်း			-	-	**၁၆၉**	

ဧစ်မြစ် - ကျောက်ဖြူခရိုင်၊ သစ်တောဦးစီးဌာန။

၉.၃.၂.၁.၁သစ်ပင်ပေါက်ရောက်မှု အခြေအနေ

ကညင်၊ ကုက္ကိုလ်၊ စစ်၊ ရေမနေ၊ သဒီ၊ သစ်ကတိုး၊ သစ်မကျီး၊ တောသရက်၊ တောင်သရက်၊ တောင်ပိန္နဲ၊ ပျဉ်းမ၊ ဖန်ခါး၊ ရုံး၊ သပြေ စသည့်အပင်များပေါက် ရောက်ပါသည်။ ဝါးအနေဖြင့် ကရင်ဝါး၊ မဒေးဝါး နှင့်တလကူဝါးတို့အား အများဆုံးတွေ့ရှိရပြီး ကြိမ်အနည်းငယ် ပေါက်ရောက်ပါသည်။

၉.၃.၂.၁.၂ သစ်တောစိုက်ပျိုးပြုစုနည်းစနစ်

ငုတ်ချွန်ပင်ချန်ခုတ်လှဲနည်းစနစ်(Coppice with Standard System)ကို ဒေသသုံးစိုက်ခင်းများတွင်ကျင့်သုံးလုပ်ကိုင်၍အပြောင်ရှင်းခုတ်လှဲခြင်းကို ရေမြေတိုက်စားလွယ်သည့်နေရာများတွင် လုံးဝကျင့်သုံးမည် မဟုတ်ပါ ။ အခြားသစ်တော စိုက်ပျိုးနည်းစနစ်တစ်ခုခုကို ကျင့်သုံးလုပ်ကိုင်မည်ဆိုပါ ကညွန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်၊ သစ်တောဦးစီးဌာနထံတင်ပြ၍ အတည်ပြုချက်ရယူပြီးမှ ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

ကျင့်သုံးမည့် မျိုးဆက်ခြင်းနည်းစနစ်များမှာ အောက်ပါအတိုင်း ဧယား (၉.၃.၂.၁.၁.၂)ဖြင့် ဖော်ပြအပ်ပါသည်။

ဧယား (၉.၃.၂.၁.၁.၂)

ခုနှစ်	ပဝတ္တိ မျိုးဆက် ခြင်း (ဧက)	ဓမ္မတာ မျိုးဆက် ခြင်း (ဧက)	သဘာဝတော တန်ဘိုးမြှင့်စိုက်ပျိုးခြင်း (ဧက)	နွယ်ဖြတ် ညောင်ပတ် လှဲခြင်း (ဧက)	မှတ်ချက်
(၁)	(၂)	(၃)	(၄)	(၅)	(၆)
၂၀၁၆-၁၇	၅၀	၁၀၀	၁၀၀	၅၀	
၂၀၁၇-၁၈	၅၀	၁၀၀	၁၀၀	၅၀	
၂၀၁၈-၁၉	၅၀	၁၀၀	၁၀၀	၅၀	
၂၀၁၉-၂၀	၅၀	၁၀၀	၁၀၀	၅၀	
၂၀၂၀-၂၁	၅၀	၁၀၀	၁၀၀	၅၀	
၂၀၂၁-၂၂	၅၀	၁၀၀	၁၀၀	၅၀	
၂၀၂၂-၂၃	၅၀	၁၀၀	၁၀၀	၅၀	
၂၀၂၃-၂၄	၅၀	၁၀၀	၁၀၀	၅၀	
၂၀၂၄-၂၅	၅၀	၁၀၀	၁၀၀	၅၀	
၂၀၂၅-၂၆	၅၀	၁၀၀	၁၀၀	၅၀	

ဧစ်မြစ် - ကျောက်ဖြူခရိုင်၊ သစ်တောဦးစီးဌာန။

၉.၃.၂.၁.၁.၃ သစ်ထုတ်မည့်နည်းစနစ်

ငုတ်ချွန်ပင်ချန်ခုတ်လှဲနည်းစနစ်ကိုအဓိကထား၍ကျင့်သုံးလုပ်ကိုင်ပါမည်။

ဒေသထောက်ပံ့ရေးစိုက်ခင်းများတွင်ထင်းအတွက်သက်ပတ်(၅)နှစ်၊တိုင်/မျောအတွက်(၁၅) နှစ်သတ်မှတ်ဆောင်ရွက်သွားပါမည်။

၉.၃.၂.၁.၁.၄ ခုတ်ပတ်

ခုတ်ပတ်ကို သဘာဝတောများတွင် နှစ်ပေါင်း ၂၀ သတ်မှတ်ပါသည်။

၉.၃.၂.၁.၁.၅ ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား

ကုန်သွယ်မှုလုပ်ငန်းအတွက်ထုတ်ယူခြင်း (Trade Extraction) အတွက် ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစားမှာ ရင်စို့လုံးပတ် ၆ပေ ဖြစ်ပြီး၊ ကျေးရွာ

သုံးအတွက်ထုတ်ယူခြင်း(Village Extraction)တွင် လုံးပတ် ကန့်သတ်ချက် မရှိပါ ။

၉.၃.၂.၁.၁.၆ တောထွက် တွက်ချက်ခြင်း

တောထွက်ကိုဧရိယာဖြင့်ထိန်းချုပ်လုပ်ကိုင်ပါမည်။နှစ်စဉ်တောထွက်အနေဖြင့်ကျောက်ဖြူခရိုင်အတွင်း တည်ထောင်ထားသော ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်အတွင်းရှိ လုပ်ကွက်စဉ်(၅)ခုမှ ခန့်မှန်းဧရိယာ (၃၃၉၉၀) ဧကကို နှစ်စဉ် ခွင့်ပြုနိုင်မည် ဖြစ်ပါသည်။

၉.၃.၂.၁.၁.၇ သစ်မထုတ်မီ သယံဇာတစာရင်းကောက်ယူခြင်း

သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများမထုတ်မီ အမှန်တကယ် တောထွက်ကိုခန်းမှန်းနိုင်ရန်အနည်းဆုံးဝန့စ်
ကြိုတင်စာရင်းကောက်ယူပါမည်။

၉.၃.၂.၁.၁.၈ သစ်ထုတ်ပြီးသယံဇာတစာရင်းကောက်ယူခြင်း

သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများကို ထုတ်ယူပြီးနောက် တောဇ၏ အခြေအနေကိုသိရှိနိုင်ရန်နှင့် လိုအပ်သောသစ်တောစိုက်ပျိုးပြုစုခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန် သစ်ထုတ်ပြီး(၁)နှစ်အတွင်း စာရင်းကောက်ယူခြင်း လုပ်ငန်းများကို လုပ်ကိုင်သွားမည်ဖြစ်ပါသည်။

၉.၃.၂.၁.၁.၉ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဿနာ်းချက်များ

ခရိုင်ခွင့်ပြုတောထွက်ဧရိယာထက် မပိုစေဘဲခွင့်ပြုလုပ်ကိုင်သွားမည်ဖြစ်ပါသည်။အကယ်၍ကုန်သွယ်မှုနှင့် ကျေးရွာသုံးအတွက် လိုအပ်ချက်မရှိပါ ကလုပ်ကွက်စဉ်/ခုတ်စဉ်များကိုဖွင့်မည်မဟုတ်ပါ။ ထုတ်ယူခွင့်ပြုသည့်အကွက်များ၏နယ်နိမိတ်များကို ထုတ်ယူခြင်း လုပ်ငန်းပြီးဆုံးချိန်တွင် ပြန်လည် ပြင်ဆင်လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

Trade Marketing ကို ကြိုးဝိုင်းများတွင်အကွက်(Compartment)အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ Village Marketing ကိုနှစ်စဉ် ခုတ်ကွက် (Annual Coupe)အလိုက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကုန်သွယ်မှု လုပ်ငန်းအတွက် ထုတ်ယူခြင်းပြီးဆုံးမှ ကျေးရွာသုံးအတွက် ထုတ်ယူခြင်းကို ဆောင်ရွက်စေမည် ဖြစ်ပါသည်။ ပင်ချန်အရေအတွက်ကို တစ်ဧကလျင် ၈ ပင်မှ ၁၂ ပင်အတွင်း ထားရှိ သွားမည်ဖြစ်ပါသည်။ ရင်စို့

လုံးပတ် ၄ ပေ မှ ၆ ပေအထိရှိသည့်သန်စွမ်း အောင်လုံသည့်အပင်များကိုသာ ပင်ချန်အဖြစ်ထားရှိမည်ဖြစ်ပြီး ပင်ချန်ပင်များကိုထင်ရှားသည့် အမှတ်အသားများပြုလုပ်၍ ထိန်းသိမ်းထားမည် ဖြစ်ပါ သည်။ ထုတ်ယူပြီး သည့်နှစ်စဉ်ခုတ်ကွက်များအတွင်း ရှင်းလင်းခြင်း လုပ်ငန်း (Cleaning Operation)လုပ်ဆောင်မည်ဖြစ်ပါသည်။ဤလုပ်ငန်းတွင် အသုံးမဝင်သည့်အပင်များကိုခုတ်လှဲခြင်းနှင့်မခုတ်ဘဲချန်ခဲ့သည့်အပင်များကို ငုတ်တက်ချွန်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားပါမည်။ သဘာဝမျိုးဆက်ခြင်း မလုံလောက်သောနေရာများနှင့် ပင်ချန်ရှားပါးသည့်နေရာများတွင် စိုက်ခင်းများကို ရံပုံငွေခွင့်ပြုသည့်အပေါ် အခြေခံ၍ တည်ထောင်သွားမည် ဖြစ်ပါ သည်။ မီးကာကွယ်ခြင်းနှင့်ပတ်သက်၍ ငုတ်တက်ချွန်သည့်ဧရိယာများတွင် မီးကာကွယ်ခြင်းကို ၅ နှစ်သားအထိ ပြုလုပ်သွားမည် ဖြစ်ပါသည်။

၉.၃.၂.၁.၁.၉ သစ်၊ထင်း၊မီးသွေး၊ဝါးလိုအပ်ချက်တွက်ချက်ခြင်း

ကျောက်ဖြူခရိုင်အတွင်း (၁)နှစ်တာကာလသစ်၊ထင်း၊မီးသွေး၊ဝါးလိုအပ်ချက်အား ဇယား(၉.၃.၂.၁.၁.၁၀)ဖြင့်ဖော်ပြအပ်ပါသည်။

ဇယား (၉.၃.၂.၁.၁.၁၀)

စဉ်	မြို့နယ်	သစ်လိုအပ်ချက် (ကုဗတန်)	ထင်းလိုအပ်ချက် (ကုဗတန်)	မီးသွေးလိုအပ်ချက် (ကုဗတန်)	ဝါးလိုအပ်ချက် (လုံး)	ဓနိ၊ သက္ကယ်လိုအပ်ချက် (ဗျစ်)
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)
၁	ကျောက်ဖြူ	၃၀၇၂၀	၇၂၂၉၂	၁၆၁၄	၂၉၉၁၄၀	၄၅၉၀၅
၂	မာန်အောင်	၁၁၈၀၅	၂၇၇၈၀	၁၃၈၉	၂၁၁၄၃၈	၁၇၆၄၀
၃	ရမ်းခြဲ	၁၈၈၆၆	၄၄၃၉၈	၁၂၉၀	၁၇၈၄၁၀	၂၈၁၉၂
၄	အမ်း	၁၈၉၅၂	၄၄၆၁၀	၂၂၃၀	၂၃၉၂၄၁	၂၈၃၂၇
စုစုပေါင်း		**၈၀၃၄၈**	**၁၈၉၀၈၀**	**၆၁၂၃**	**၉၂၈၂၂၉**	**၁၂၀၀၆၄**

ဇစ်မြစ်-၂၀၁၄ခုနှစ်၊ သန်းခေါင်စာရင်းအရ

၉.၃.၂.၂ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်များ ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုမှာအဓိကအခန်းမှပါဝင်နေပါသည်။ သစ်တောဌာနမှ တည်ထောင်ပြီး စိုက်ခင်းများကို ပြည်သူလူထုမှ ကူညီစောင့်ရှောက်မှုမရှိဘဲဝင်ရောက်ခုတ်ယူပါကငွေသာကုန်၍အကျိုးရှိမည်မဟုတ်ပါ။ တည်ထောင်ပြီးစိုက်ခင်းများတွင်မီးဘေးအန္တရာယ်မကျရောက်အောင် ထိန်းသိမ်းကာကွယ်ရေး၊အချိန်မကျမီခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခုတ်ယူခြင်းများမရှိအောင် ပြည်သူလူထုမှ

အသိစိတ်ဓါတ်ဖြင့်ဝိုင်းဝန်းကူညီရမည်ဖြစ်ပါသည်။ အချို့မြို့နယ်များရှိ ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်များတွင် ထင်းခုတ်ကွက်များကိုဖွင့်ပေးမည်ဖြစ်ရာ ပြည်သူလူထုအနေဖြင့်မိမိနှင့်နီးစပ်ရာတောများမှ ခုတ်ယူခြင်းမပြုဘဲ သစ်တော ဦးစီးဌာနမှ အကွက်ဖွင့်ပေးသော ထင်းခုတ်ကွက်တွင် စနစ်တကျဝင်ရောက်ခုတ်ယူခြင်းဖြင့် တောပျက်စီးမှုနည်းမည်ဖြစ်ပါသည်။ထင်းခုတ်ပြီးအကွက်များကို သစ်တောဌာနမှဓမ္မတာမျိုးဆက်ခြင်းဖြင့်ဆက်လက်လုပ်ကိုင်ပြီး သစ်တောများကို ပြုစုပျိုးထောင်သွားရမည်ဖြစ်ပါသည်။ သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းတွင် ပြည်သူများပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရန် စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ပြည်သူလူထုအစုအဖွဲ့ပိုင်တောများ တည်ထောင်ရေးအတွက်သစ်တောဝန်ထမ်းများမှကျေးရွာများသို့ ကွင်းဆင်း စည်းရုံးဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြည်သူလူထုများစိတ်ပါဝင်စားလာပြီး အစုအဖွဲ့ပိုင်စိုက်ခင်းများတည်ထောင်လာ ရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ပြည်သူလူထုအစု အဖွဲ့ပိုင်စိုက်ခင်းများ တည်ထောင်ရေးအတွက် ဆက်လက်စည်းရုံးဆောင်ရွက် လျက်ရှိပါသည်။

၉.၃.၂.၃ သစ်တောပညာပေးခြင်း

သစ်တောများထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများမှပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ၄င်းတို့ပူးပေါင်း ပါဝင်ဆောင်ရွက်ပါမှ အောင်မြင်မည်ဖြစ်ကြောင်း၊ အကျိုးကျေးဇူးကို ပြည်သူလူထုမှ ခံစားရမည် ဖြစ်ကြောင်းကို လက်တွေ့ဖြစ်ပေါ်သောအခြေအနေများနှင့်ထင်ဟပ်၍ သစ်တော ပညာပေးခြင်းလုပ်ငန်းများကို သစ်တောဝန်ထမ်းများမှကျေးရွာများသို့ရောက်ရှိသည့်အခါ ဟောပြောဆွေးနွေးခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် သစ်တောဦးစီးဌာနမှဖြန့်ဝေသောကြော်ငြာများ၊ လက်ကမ်းစာစောင်များကိုလည်း ကျေးရွာများသို့အရောက်ဖြန့်ဖြူးပေးပါသည်။ သစ်တော သစ်ပင်ကိုချစ် တတ်သောလူမျိုးများဖြစ်လာအောင်လည်း အခါအားလျော်စွာ ဟောပြောဆွေးနွေးခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ကျောက်ဖြူခရိုင်တွင် ဒေသခံပြည်သူတို့၏လူမှုအဆင့်အတန်းမြင့်မားရေး၊ ဝင်ငွေပိုမိုရရှိစေရေးအတွက် သစ်တောပညာရပ်ဆိုင်ရာနည်းပညာဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်လိုအပ်သည်။ အခြားပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ မရှိသေးပါ ။

၉.၃.၃ အဖွဲ့အစည်း၊လုပ်ထုံးလုပ်နည်းနှင့် ဥပဒေ စည်းမျဉ်းစည်းကမ်းများဆိုင်ရာစီစဉ်ခန့်ခွဲမှု

ဒေသထောက်ပံ့ရေးအတွက် ထင်းခုတ်ကွက်များကိုဖွင့်ပေးပါက ထင်းခုတ်ကွက်ဖွင့်ခြင်းနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီကြေငြာပြီး ဝန်ထမ်းများကိုတာဝန်ချထားပြီးစနစ်တကျခုတ်ယူရေးအတွက်ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ပါသည်။

ခုတ်ကွက်ပိတ်သည့်အချိန်တွင် သစ်တောပြုစုပျိုးထောင်မှုစနစ်အရ ခမ္မတာမျိုးဆက်ခြင်းနည်းဖြင့် ငုတ်တက်ချန်ခြင်းရှင်းလင်းခြင်းလုပ်ငန်းများကို သစ်တောဝန်ထမ်းများမှ စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဒေသထောက်ပံ့ရေးထင်းစိုက်ခင်းများ တည်ထောင်ရာတွင်သစ်တောဝန်ထမ်းများအား တာဝန်ပေး၍ အောင်မြင်အောင်အကောင်အထည် ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ တည်ထောင်ပြီးစိုက်ခင်းများ မီးဘေးအန္တရာယ်မကျရောက်ရေး၊လူ၊ကျွဲ၊နွားတိရစ္ဆာန်တို့၏ ဖျက်စီးမှုမှကာကွယ်ရေးကို သစ်တောဝန်ထမ်းများနှင့်ပြည်သူလူထု ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ စိုက်ခင်းများ အားအချိန်မှန်ပြုစုပျိုးထောင်ရေးလုပ်ငန်းများကိုလည်း ဝန်ထမ်းများမှ ကြီးကြပ်လုပ်ကိုင်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ပြည်သူလူထုအဖွဲ့အစည်းပိုင်စိုက်ခင်းများ တည်ထောင်ခြင်းအတွက် ပြည်သူလူထုအစုအဖွဲ့ပိုင်စိုက်ခင်းများ တည်ထောင်ခြင်းညွှန်ကြားချက်ပါ အချက်အလက်များအတိုင်း သစ်တောဝန်ထမ်းများမှဦးဆောင်၍ ပြည်သူလူထုများစိတ်ဝင်စား၍ ပါဝင်ဆောင်ရွက်လာအောင် စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တည်ထောင်ပြီးစိုက်ခင်းများအားအုပ်ချုပ်ခြင်း၊ ထိန်းသိမ်းခြင်း၊ ထုခွဲခြင်းများတွင်လည်း ဝန်ထမ်းများမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်များပေး၍ အောင်မြင်အောင်ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

၉.၃.၄ ဘတ်ဂျက်နှင့်ဘဏ္ဍာရေး

ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်တွင် ထင်းခုတ်ကွက်များဖွင့်၍ ထင်းခုတ်ခွင့်ပြုပါကကျသင့်သော အခွန်တော်ငွေများကို သတ်မှတ်သည့်နှုန်းထားအတိုင်းကောက်ခံသွားမည် ဖြစ်ပါသည်။ စိုက်ခင်းများမှ အချိန်ကျ၍ ထင်းထုတ်ယူခွင့်ပြုလျင်လည်းကျသင့်သောအခွန်ငွေများကောက်ခံ၍ ခွင့်ပြုရမည် ဖြစ်ပါသည်။ ဒေသခံပြည်သူလူထုအစုအဖွဲ့ပိုင်စိုက်ခင်းများအနေဖြင့် ၄င်းတို့အသုံးပြု၍ ပိုလျှံနေသောပစ္စည်းများကိုပြင်ပသို့ရောင်းချလိုပါကရောင်းချသည့်ပစ္စည်းအပေါ် သတ်မှတ်ထားသောအခွန်ငွေကိုကောက်ယူရမည်ဖြစ်ပါသည်။ဒေသထောက်ပံ့ရေးအလုပ်တိုက်နယ်အနေဖြင့် ထုတ်ယူခွင့်ပြုသောသစ်တောထွက်ပစ္စည်းများမှအခွန်ငွေများကိုပြန်လည်ရရှိမည် ဖြစ်ပါသည်။ ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်တွင် ထင်းခုတ်ကွက်များကို ခမ္မတာနည်းဖြင့်

ပြန်လည်ပြုစုပျိုးထောင်ရာတွင် ကုန်ကျစရိတ်၊ စိုက်ခင်းများတည်ထောင်လျင်ကုန်ကျစရိတ်များကို နှစ်အလိုက်လိုအပ်မည်ဖြစ်ပါသည်။ လိုအပ်သောရံပုံငွေများကို အချိန်မီအပြည့်အဝခွဲဝေချထားပေးပါက လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။အသုံးစရိတ်များကိုလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်တိုးမြှင့်ပေးရမည်ဖြစ်သကဲ့သို့ အခွန်ငွေများကိုလည်း တိုးမြှင့်ကောက်ခံသင့်ပါသည်။

၉.၄ ရေဝေရေလဲသစ်တောများ

၉.၄.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

ကျောက်ဖြူခရိုင်အတွင်းရှိ ဆည်၊ကန်၊ရေလှောင်တမံများနှင့် သဘာဝရေထွက်ဒေသများ၏ ရေဝေရေလဲဒေသများအား ထိန်းသိမ်းထားရှိခြင်းဖြင့် အရှည်တည်တံ့စေရန် သစ်ပင်သစ်တောများတည်ရှိခြင်းဖြင့် သဘာဝပတ်ဝန်းကျင်၏ ဂေဟဗေဒစနစ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူဖြစ်စေရန်၊ ဒေသခံပြည်သူလူထု၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များကို သွယ်ဝှက်သောနည်းလမ်းများဖြင့် ဖြည့်ဆည်းပေးနိုင်ရန်၊ လေထုညစ်ညမ်းမှုများကို လျော့ချပေးနိုင်မည့် ကာဗွန်သိုလှောင်ရုံပမာ အကျိုးပြု၍ ရေစီးရေလာနှင့်ဆည်တမံများ၏ အရှည်တည်တံ့ခြင်းကို အကျိုးပြုနိုင်စေရန်၊ ဒေသခံပြည်သူလူထုများမှ ရေဝေရေလဲသစ်တောများ၏ အကျိုးကျေးဇူးများကို သိရှိနားလည်သဘောပေါက်လာစေရေး ဟောပြောစည်းရုံးပညာပေးခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်ချက်များပါဝင် ပါသည်။

၉.၄.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

ရေဝေရေလဲသစ်တောများပိုမိုတိုးတက်ကောင်းမွန်လာစေရန် အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများသည် ရေဝေရေလဲသစ်တောများနှင့်ရေဝေရေလဲဧရိယာများအပေါ် တိုက်ရိုက်(သို့မဟုတ်)သွယ်ဝိုက်မှီခိုသူများနှင့် လိုက်လျောညီထွေစွာဆောင်ရွက်နိုင်ရန်အရေးကြီးပါသည်။ ရေဝေရေလဲသစ်တောများအပေါ်မှီခိုသူများ၏ အခြေခံလူမှုစီးပွားရေးစစ်တမ်းများကောက်ယူခြင်း၊ ရေဝေရေလဲသစ်တောများ၏ အကျိုးကျေးဇူးများကိုနားလည်သဘောပေါက်လက်ခံလာစေရန်ဟောပြောပညာပေးစည်းရုံးခြင်း၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်နိုင်စေခြင်း၊ ရေဝေရေလဲဧရိယာတစ်ခုလုံး၏ဧရိယာများအား သစ်တောသစ်ပင်များဖြင့် အပြည့်အဝ ဖွံ့ဖြိုးတိုးတက်လာ စေရန်ဆောင်ရွက်ခြင်းများအပြင် ဥပဒေ၊ နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့် ဒေသတွင်း ဥပဒေများဖြင့် ထိန်းညှိဆောင်ရွက်သွားခြင်းများနှင့် ဆောင်ရွက်ရန်လိုအပ်သည့် လူအင်အား၊ ရန်ပုံငွေအင်အား၊ ပစ္စည်း/ယာဉ်

အင်အားများ တင်ပြတောင်းခံခြင်းအပေါ် အထက်ဌာနများမှ လိုအပ်သလို ထိန်းညှိ ဆောင်ရွက်သွားနိုင်ခြင်းမှာ လွန်စွာမှ အရေးကြီးပါ သည်။

စီမံကိန်းကာလအတွင်းရေဝေရေလဲဒေသထိန်းသိမ်းခြင်းလုပ်ငန်းများလျာထားချက်

စဉ်	လုပ်ငန်း	ရေတွက်ပုံ	ဟင်းရွက်ဆည်	
			ခုနှစ်	လျာထား
၁	ကွန်တိုကန်သင်းကန့်ပြုလုပ်ခြင်း	ပေ	၂၀၁၇	၅၀၀
၂	ရေစိမ့်မြောင်းပြုလုပ်ခြင်း	ပေ		
၃	ရေလွှဲမြောင်းပြုလုပ်ခြင်း	ပေ		
၄	နုံးတားတမံငယ်တည်ဆောက်ခြင်း	ခု	၂၀၁၈	၅
၅	ကုန်းစောင်းနှင့်ရေစီးကြောင်းများတွင် သစ်ကိုင်းစည်းမြှုပ်၍ မြေတိုက်စားမှုထိန်း သိမ်းခြင်း	ပေ		
၆	သက်ရှိ စည်းရိုးငယ်များပြုလုပ်ခြင်း	ပေ	၂၀၁၈	၅၀၀
၇	ကွန်တိုစည်းရိုးတန်းပြုလုပ်ခြင်း	ပေ		
၈	ဝါးစိုက်ပျိုးခြင်း	ရုံ	၂၀၁၉	၅၀

မှတ်ချက်။ တောင်သူများအားစည်းရုံး၍ ဆောင်ရွက်သွားပါမည်။

၉.၄.၂.၁ ရေဝေရေလဲသစ်တောများအလုပ်တိုက်နယ်

၉.၄.၂.၁.၁ အလုပ်တိုက်နယ်နှင့်လုပ်ကွက်စဉ်များဖွဲ့စည်းခြင်း

ကျောက်ဖြူခရိုင်အတွင်း၌ အမ်းမြို့နယ်ရှိဟင်းရွက်ဆည်တမံတစ်ခုသာတည်ရှိ ပြီးရေဝပ်ဧရိယာ(၂၉၂)ဧကနှင့် ရေဝေရေလဲဧရိယာ (၂၇၀၈) ဧကခန့်ရှိပြီး ရေဝေ ရေလဲသစ်တောများ အလုပ်တိုက်နယ်အဖြစ် ဖွဲ့စည်းထားရှိပါသည်။ စီမံကိန်း ကာလအတွင်း ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းနှင့်ခမွတာမျိုးဆက်ခြင်း လုပ်ငန်း များဆောင်ရွက်သွားပါမည်။

လုပ်ကွက်စဉ်ဖွဲ့စည်းမှုအားဇယား(၉.၄.၂.၁.၁)ဖြင့်ဖော်ပြအပ်ပါသည်။

ဇယား(၉.၄.၂.၁.၁)

ခရိုင်/မြို့နယ်	လုပ်ကွက်စဉ်	ဆည်/တမံအမည်	ရေဝပ်ဧရိယာ(ဧက)	ရေဝေရေလဲဧရိယာ(ဧက)	စုစုပေါင်း(ဧက)	မှတ်ချက်
(၁)	(၂)	(၃)	(၄)	(၅)		
ကျောက်ဖြူ/အမ်း	I	ဟင်းရွက်ဆည်တမံ	၂၉၂	၂၇၀၈	၃၀၀၀	
	ပေါင်း		၂၉၂	၂၇၀၈	၃၀၀၀	

ဇစ်မြစ် - ကျောက်ဖြူခရိုင်သစ်တောဦးစီးဌာန။

၉.၄.၂.၁.၁ သစ်ပင်ပေါက်ရောက်မှုအခြေအနေ

ကညင်၊ ကုက္ကိုလ်၊ စစ်၊ ရေမနေ၊ သဒီ၊ သစ်ကတိုး၊ သစ်မကျီး၊ တောသရက်၊ တောင်သရက်၊ တောင်ပိန္နဲ၊ ပျဉ်းမ၊ ဖန်ခါး၊ ရုံး၊ သပြေ စသည့်အပင်များပေါက် ရောက်ပါသည်။

၉.၄.၂.၁.၂ သစ်တောစိုက်ပျိုးပြုစုနည်းစနစ်

ရေဝေရေလဲသစ်တောများတွင် ခမ္မတာမျိုးဆက်ခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းနှင့်သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းကာလအတွင်း ဆောင်ရွက်မည့် လျာထားဧကများကို ဇယား (၉.၄.၂.၁.၂) ဖြင့် ဖော်ပြအပ်ပါသည်။

ဇယား (၉.၄.၂.၁.၂)

စဉ်	ဆောင်ရွက်မည့်ခုနှစ်	ရေဝေရေလဲဧရိယာ၌ ဆောင်ရွက်မည့်နည်းစနစ်		မှတ်ချက်
		ခမ္မတာမျိုးဆက်ခြင်း (ဧက)	သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း (ဧက)	
(၁)	(၂)	(၃)	(၄)	(၅)
၁။	၂၀၁၆-၁၇	၅၀	၅၀	
၂။	၂၀၁၇-၁၈	၅၀	၅၀	
၃။	၂၀၁၈-၁၉	၅၀	၅၀	
၄။	၂၀၁၉-၂၀	၅၀	၅၀	
၅။	၂၀၂၀-၂၁	၅၀	၅၀	
၆။	၂၀၂၁-၂၂	၅၀	၅၀	
၇။	၂၀၂၂-၂၃	၅၀	၅၀	
၈။	၂၀၂၃-၂၄	၅၀	၅၀	
၉။	၂၀၂၄-၂၅	၅၀	၅၀	
၁၀။	၂၀၂၅-၂၆	၅၀	၅၀	
	ပေါင်း	**၅၀၀**	**၅၀၀**	

ဧစ်မြစ် - ကျောက်ဖြူခရိုင်သစ်တောဦးစီးဌာန။

၉.၄.၂.၁.၃ ခုတ်ပတ်

ခုတ်ပတ် ဖော်ပြရန်မရှိပါ။

၉.၄.၂.၁.၁.၄ ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား

ဖော်ပြရန်မရှိပါ။

၉.၄.၂.၁.၁.၅ တောထွက် တွက်ချက်ခြင်းနှင့် ထိန်းသိမ်းခြင်း

ကျောက်ဖြူခရိုင်အတွင်းရှိ ရေဝေရေလဲဧရိယာများမှ သစ်ထုတ်ယူနိုင်မည့် ပမာဏမရှိ၍ ဖော်ပြရန်မရှိပါ။

၉.၄.၂.၁.၁.၆ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဌာန်းချက်များ

ကျောက်ဖြူခရိုင်အတွင်းရှိ ဆည်တမံများ၏ ရေဝေရေလဲသစ်တောများရှိ သည့်ဧရိယာများ၌ ဓမ္မတာမျိုးဆက်ခြင်း၊ သဘာဝတောတန်ဖိုးမြှင့် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ ရေစားမြေပြိုဖြစ်နိုင်သည့် နေရာများ၌ နှံးတားဆည်တမံများတည်ဆောက်ခြင်း၊ ကွန်တိုကန်သင်းခတ်စိုက်ပျိုး ပြုစုမည့် နည်းစနစ်များကို ရန်ပုံငွေတင်ပြတောင်းခံခွင့်ပြုသည့်အပေါ် အခြေခံ၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၉.၄.၂.၂ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

ကျောက်ဖြူခရိုင်အတွင်းရှိ ရေဝေရေလဲဧရိယာတိုက်ရိုက်မှီခိုသူများ၏ လူမှုစီးပွားရေးအခြေအနေများကို စစ်တမ်းကောက်ယူခြင်း၊ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ သတင်းမီဒီယာများ၊ (တီဗွီ၊ ဂျာနယ်၊ မဂ္ဂဇင်းအစရှိသည့်)မှတဆင့်အသိပညာဖြန့်ဝေခြင်းနည်းလမ်းများကို ဆောင်ရွက်ခြင်းအားဖြင့် ပြည်သူများအတွင်း နိုးကြားတက်ကြွသည့် အသိစိတ်ဓါတ်ဖြစ်ပေါ်လာစေ၍ ပူးပေါင်းပါဝင်ဆောင် ရွက်လာကြစေရန် ခရိုင်အတွင်းရှိ ဝန်ထမ်းများဖြင့် စနစ်တကျဆောင်ရွက်သွားမည်ဖြစ် ပါသည်။

၉.၄.၂.၃ သစ်တောပညာပေးခြင်း

ကျောက်ဖြူခရိုင်အတွင်းရှိ ရေဝေရေလဲအလုပ်တိုက်နယ်၏ ရေဝေရေလဲဒေသအတွင်းနေထိုင်သည့် ပြည်သူလူထုများအား သစ်တောပညာပေးရာ၌ လက်တွေ့အကောင်အထည်ဖော်နိုင်မည့်နည်းလမ်းများ၊ ဒေသနှင့်ကိုက်ညီသည့် နည်းလမ်းများကိုအောက် ဖော်ပြပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(က) ရေဝေရေလဲဧရိယာများအတွင်း ရေစားမြေပြိုဖြစ်စေနိုင်သည့် အပြုအမူများ ဆောင်ရွက်မှုများဖြစ်သည့် တောခုတ်ထွင်း ရှင်းလင်းခြင်း၊ ယာတိုးချဲ့ခြင်း၊ ရေစီးရေလာ ပျက်ယွင်းစေမည့် အပြုအမူများ အစရှိသည့် အပြုအမူများ၏ အကျိုးသက်ရောက်မှု များကို ပညာပေးဟောပြောစည်းရုံးခြင်း။

(ခ) လက်ကမ်းစာစောင်များ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများ၊ ရေဒီယို၊ တီဗွီဧာတ်လမ်းများဖြင့်စိတ်ဝင်စားလာအောင် ဧာတ်လမ်းသရုပ်သဏ္ဌာန်များဖြင့် ဖြန့်ဖြူးပညာပေးစည်းရုံးခြင်း။

(ဂ) ရေဝေရေလဲဧရိယာများမှ မှီခိုနေထိုင်သူများအား အခြားစီးပွားရေးများ တဖြည်းဖြည်းပြောင်းလဲလုပ်ကိုင်သွားနိုင်ရေးအတွက် အခြားလက်မှု ပညာများဖြင့်(ဥပမာ-ဝါးဖြင့်ဆောင်ရွက်နိုင်သည့်ခြင်းတောင်း)ပညာပေးပြောင်းလဲ လုပ်ကိုင်လာစေခြင်း။

၉.၅ သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများအလုပ်တိုက်နယ်

၉.၅.၁ အုပ်ချုပ်လုပ်ကိုင်မှုရည်ရွယ်ချက်များ

သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကို စနစ်တကျ ထုတ်လုပ်စေခြင်းဖြင့် သစ်တော ထွက်ပစ္စည်းများကို ရေရှည်တည်တံ့ခိုင်မြဲစေပြီး သစ်တောအခွန်တော်များ အပြည့်အဝ ကောက်ခံ ရရှိစေရန် ရည်ရွယ်ပါသည်။

၉.၅.၂ အုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်းများ

မြို့နယ်များတွင်ဘိနယ်တစ်ခုခြင်းအလိုက်တာဝန်ကျဝန်ထမ်းများမှမိမိဘိနယ်အတွင်း သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများထွက်ရှိမှုကို ကွင်းဆင်းစာရင်းကောက်ယူခြင်း၊ ထွက်ရှိလာသည့်ပစ္စည်းများကို သတ်မှတ်နှုန်းထားများအတိုင်း အခွန်တော်ကောက်ခံခြင်း၊ နယ်မြေတာဝန်ခံတောအုပ်ကြီးများမှလည်း သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းများထွက်ရှိမှုနှင့်အခွန်တော်ကောက်ခံမှုများကို စစ်ဆေးခြင်း၊ မိမိနယ်မြေအတွင်း အသစ်ထပ်မံထွက်ရှိနိုင်သည့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကိုရှာဖွေဖော်ထုတ်ခြင်း၊ တရားမဝင်ထုတ်လုပ်မှုများကို အရေးယူဆောင်ရွက်ခြင်း၊ ထုတ်လုပ်သင့်သည့် အရွယ်အစားများကိုသာစနစ်တကျထုတ်လုပ်စေခြင်းစသည့် နည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉.၅.၂.၁ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများအလုပ်တိုက်နယ်

၉.၅.၂.၁.၁ အလုပ်တိုက်နယ်နှင့် လုပ်ကွက်စဉ်ဖွဲ့စည်းခြင်း

ကျောက်ဖြူခရိုင် အမ်းမြို့နယ်၊ ဒါးလက်ကြိုးပြင်ခုတ်ကွက် (၂၅)နှင့် ရူး-မအီ ကြိုးပြင်ကာကွယ်တောတို့တွင် ကရင်ဝါးများ ကျယ်ကျယ်ပြန်ပြန့် ပေါက်ရောက်မှုရှိသဖြင့် အဆိုပါဧရိယာနှစ်ခု (၃၆၄၉၁၇)ဧကကို ဝါးထုတ်လုပ်ရန် အတွက်သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ အလုပ်တိုက်နယ် အတွင်း ဝါးအလုပ်တိုက်နယ်ကို သီးခြားဖွဲ့စည်းပါသည်။

၉.၅.၂.၁.၁.၁ အပင်ပေါက်ရောက်မှု/ ထွက်ရှိမှုအခြေအနေ

အပင်ပေါက်ရောက်မှုအခြေအနေကို စာရင်းကောက်ယူထားခြင်း မရှိပါ။ သို့သော် ၂၀၀၀ ခုနှစ်မှ စ၍ နှစ်စဉ်ထုတ်လုပ်မှုများအရ တစ်နှစ်လျှင် ဝါးလုံးရေ နှစ်ဆယ်သိန်းခန့် ထွက်ရှိပါသည်။

၉.၅.၂.၁.၁.၂ သစ်တောစိုက်ပျိုးပြုစုနည်းစနစ်

ဝါးများစဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးအတွက် သစ်တောများအားမီး ကာကွယ်ပေးခြင်း၊ အလွန်အမင်း မထုတ်လုပ်စေခြင်းတို့ဖြင့် ထိန်းသိမ်း ကာကွယ်မည်ဖြစ်ပါသည်။

၉.၅.၂.၁.၁.၃ ခုတ်ပတ်

ခုတ်ပတ် (၃)နှစ်ထားရှိမည်ဖြစ်ပါသည်။

၉.၅.၂.၁.၁.၄ ထုတ်လုပ်ခွင့်ပြုသည့် အရွယ်အစားနှင့် ပမာဏ

ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစားသတ်မှတ်ထားခြင်းမရှိပါ။ ပမာဏမှာ နှစ်စဉ် (၁၉) သိန်း ထုတ်လုပ်ရန် သတ်မှတ်ထားရှိပါသည်။

၉.၅.၂.၁.၁.၅ တောထွက်တွက်ချက်ခြင်း

ဝါးနှစ်စဉ်တောထွက်ကိုလွန်ခဲ့သည့်၁၀နှစ်တာကာလအတွင်း ထုတ်လုပ် ခဲ့သော ကိန်းဂဏန်းများကို အခြေခံ၍ အောက်ပါအတိုင်း တွက်ချက်ပါ သည်။

အသက်	လက်ရှိပေါက်ရောက်နေသည့်ဝါး(လုံးရေ)	ရှင်သန်မှုရာခိုင်နှုန်း	ရှင်ပင်အရေအတွက် (လုံးရေ)
၁ နှစ်သား(ဝါးနု) ၂ နှစ်သား (တည်ငြိ)	၂၉၇၂၅၅၀ ၃၅၁၁၂၀၀	၈၀%	၂၃၇၀၄၄၀ ၂၈၀၈၉၆၀
အတန်းအစား (II)			၅၁၈၇၀၀၀
၃နှစ်နှင့်အထက် (ဝါးရင့်)	၃၇၃၂၂၀၀	၉၀%	၃၃၅၈၉၈၀
အတန်းအစား (I)			၃၃၅၈၉၈၀

ဇယားမြစ် - ကျောက်ဖြူခရိုင်သစ်တောဦးစီးဌာန။

နှစ်စဉ်တောထွက် = (၂.၅ x အတန်းအစား (II) + ၂ x အတန်းအစား (I) /၁၀

= (၂.၅ x ၅၁၈၇၀၀၀ + ၂ x ၃၃၅၈၉၈၀) / ၁၀

= (၁၂၉၆၇၅၀၀ + ၆၇၁၇၉၆၀) /၁၀

= ၁၉၆၈၅၄၆၀ / ၁၀

= ၁၉၆၈၅၄၆ ~ ၁၉၆၈၅၅၀ လုံး

၉.၅.၂.၁.၆ သက်ပတ်

သက်ပတ်သတ်မှတ်ထားခြင်းမရှိပါ။

၉.၅.၂.၁.၇ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဿနာ်းချက်များ

(က) ဒါးလက်ကြိုးပြင်တောကို ကြိုးပြင်ကာကွယ်တောအဖြစ် ဖွဲ့စည်းနိုင်ရန်ဆောင်ရွက်ပါမည်။

(ခ)ဝါးပေါက်ရောက်မှု /ထွက်ရှိမှုများကို မှတ်တမ်းတင်စာရင်းကောက်ယူထားရှိမည်ဖြစ်ပါသည်။

(ဂ)စီမံကိန်းကာလအတွင်း ထုတ်လုပ်မှုအစီအစဉ်ကိုရေးဆွဲ၍အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။

(ဃ) သစ်တောအခွန်တော်များ ကောက်ခံရာတွင် လျော့နည်းဆုံးရှုံးမှုမရှိ စေရေးအတွက်ဆောင်ရွက်ပါမည်။

၉.၅.၂.၂ သယ်ဇာတစာရင်းကောက်ယူခြင်း

နှစ်စဉ်တောထွက်ကိုအခါအားလျော်စွာပြန်လည်သတ်မှတ်နိုင်ရန် စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

၉.၅.၃ ဒီရေတောများအလုပ်တိုက်နယ်

၉.၅.၃.၁အလုပ်တိုက်နယ်နှင့်လုပ်ကွက်ဖွဲ့စည်းခြင်း

ဒီရေတောများအလုပ်တိုက်နယ်များကို ဖွဲ့စည်းရာတွင် -

(၁) ဒီရေတောများအပေါ်မှီခိုနေသည့်ဒေသတွင်းနှင့်အပြင်၌နေထိုင်သည့် လူဦးရေ ပမာဏ ၊

(၂) ဒီရေတောများအတွင်းမြေအသုံးချမှုအခြေအနေ၊

(၃) သစ်တောထွက်ပစ္စည်းလိုအပ်ချက် ၊

(၄) သစ်တောထွက်ပစ္စည်းထွက်ရှိမှုပမာဏ၊

(၅) သစ်တောပြုစုထိန်းသိမ်းမှုနည်းစနစ်များ ဆောင်ရွက်နိုင်မည့် ပမာဏ (ဧရိယာ) နှင့် ၊

(၆) ဒီရေတောပြုစုထိန်းသိမ်းရာ၌လိုအပ်သည့် လူ/ ရံပုံငွေ/ စက်ကိရိယာပစ္စည်းအင်အားများစသည့်အချက်များအပေါ်အခြေခံ၍ဖွဲ့စည်းထားပါသည်။

ကျောက်ဖြူခရိုင်အတွင်း ဝန်ဗိုက်ဒီရေတောကြိုးဝိုင်း(၅၆၆၃၃)ဧက၊ မင်းကြောင်းကြိုးပြင်ကာကွယ်တော(၁၀၀၈၀)ဧက၊ ကျောက်ဖြူမြို့နယ်အတွင်းရှိ မဒေးကျွန်းဒီရေတောနှင့် အဝဒွိန်တောင်ဒီရေတော (၂)ခုပေါင်း (၃၀၀၀)ဧက၊ စုစုပေါင်း (၆၉၇၁၃)ဧကအား ဒီရေတောထိန်းသိမ်းရေးအလုပ်တိုက်နယ် (၁)ခု ဖွဲ့စည်းဆောင်ရွက်၍ သစ်တောပြုစုထိန်းသိမ်းရေးနည်းလမ်းများကို လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ အလုပ်တိုက်နယ်များဖွဲ့စည်းရာတွင် တောညှံ/တောပျက်နှင့်စွန့်ပစ်လယ်/ပုဇွန်ကာရီများ ပြန်လည်၍ထူထောင်နိုင်မည့်အခြေအနေ၊ ဒီရေတောတည်ရှိပေါက်ရောက်မှုအခြေအနေ၊ မျိုးဆက်ပြန့်ပွားနိုင်မှုအခြေအနေ၊ ဒီရေတောများအတွင်း လယ်/ပုဇွန်ကာရီများ တိုးချဲ့ခြင်းနှင့် လက်ရှိအခြေအနေမှ လျော့နည်းပျောက်ကွယ်သွားအောင် ဆောင်ရွက်နိုင်မှုအခြေအနေ၊ ဒီရေတောထွက်ပစ္စည်းများအပေါ်မှီခိုမှုနှင့်ထုတ်ယူသုံးစွဲနိုင်မှုအခြေအနေ၊လူအင်အား၊ ရံပုံငွေအင်အား၊ ယာဉ်နှင့်စက်ပစ္စည်းအင်အားများနှင့် လမ်းပမ်းဆက်သွယ်မှုအခြေအနေ စသည့်

တို့အပေါ်တွင်အခြေခံပါသည်။ အလုပ်တိုက်နယ်နယ်(၁)ခုဖွဲ့စည်းတည်ထောင်ခြင်းဖြင့် ဒီရေတောများထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပေးနိုင်လိမ့်မည်ဟုမျှော်လင့်ပါသည်။

ဇယား (၉.၅.၃.၁)

စဉ်	**ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်**	**တောည့်/ပျက်ဧရိယာ (ဧက)**	**စွန့်ပစ်ပုစွန်လယ်ကာရီ (ဧက)**	**မှတ်ချက်**
(၁)	(၂)	(၃)	(၄)	(၅)
၁။	**အမ်းမြို့နယ်/ကျောက်ဖြူ/မာန်အောင်မြို့နယ်** ဒီရေတောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများမရှိပါ။	-	-	
၂။	**ရမ်းဗြဲမြို့နယ်** ဝန်ဗိုက်ကြိုးဝိုင်း မင်းကြောင်းကြိုးပြင်ကာကွယ်တော	၁၅၉၅ ၁၀၀၁	၁၇၇၂.၅ ၂၅၇.၀	နှစ်စဉ် တောည့်/ပျက်နေရာများ၌ခမွတာမျိုးဆက်ခြင်း(၁၀၀)ဧကနှင့် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း(၅၀)ဧကနှင့် စွန့်ပစ်ပုစွန်/လယ်ကာရီများနေရာ၌ နှစ်စဉ်ဧက(၂၀၀)ခန့် စိုက်ခင်းများတည်ထောင်စိုက်ပျိုးခြင်းတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉.၅.၃.၁.၁ ဒီရေတောပေါက်ရောက်မှုအခြေအနေ

ကျောက်ဖြူခရိုင်အတွင်း ဒီရေတောပေါက်ရောက်မှုအခြေအနေကို (JAFTA)၏ ၁၉၉၆.၉၇ခုနှစ်၊ဂြိုလ်တုဓါတ်ပုံပါအချက်အလက်များမှရရှိသော ကိန်းဂဏန်းများကိုအခြေခံ၍ပြည်နယ်နှင့်ခရိုင်သစ်တောအရာရှိများမှ ပြန်လည်စီစစ်တွက်ချက်ထားခြင်းကိုဇယား(၉.၅.၃.၁-က) တွင်ဖော်ပြထားပါသည်။

ပေါက်ရောက်သည့်သစ်မျိုးမှာ ဗျူးခြေထောက်အဖို/အမနှင့် ဗျူးအုပ်ဆောင်းသစ်မျိုးများအဓိကပေါက်ရောက်ပြီး လဘ၊ လမုတသတ်၊ ကနစို၊ ဗြူးဗိုင်းထောင့်အရှည်၊မဓမ၊ နှမ်ဗြူး၊ကျန၊ပင်လယ်အုန်း၊သရော၊ သမဲ့ကြီး၊သမဲ့ကျက်တက်သစ်မျိုးများပေါက် ရောက်ကြောင်းတွေ့ရှိရပါသည်။

ဇယား (၉.၅.၃.၁-က)

ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်	ဒီရေတောထူထပ်	ဒီရေတောရွက်အုပ်ပွင့်	စုစုပေါင်း (ဧက)	မှတ်ချက်
(၁)	(၂)	(၃)	(၄)	(၅)
ရမ်းဗြဲမြို့နယ်				
ဝန်ဗိုက်ကြိုးဝိုင်း	၃၂၇၁၄.၀၀	၂၃၉၂၉.၀၀	၅၆၆၃၃.၀၀	ကြိုးဝိုင်း
မင်းကြောင်းကြိုးပြင်ကာကွယ်တော	၇၄၂၀.၀၀	၂၆၆၀.၀၀	၁၀၀၈၀.၀၀	ကြိုးပြင်ကာကွယ်တော
ကြိုးပြင်တော	၇၅၇၅.၃၁	၄၃၅၇.၆၉	၁၁၉၃၃.၀၀	ကြိုးပြင်တော
အမ်းမြို့နယ်/ကျောက်ဖြူ/မာန်အောင်မြို့နယ်				
ကြိုးပြင်တော	၃၅၄၉၇.၄၆	၈၁၃၄၄.၇၃	၁၁၇၂၉၂.၁၉	ကြိုးပြင်တော
စုစုပေါင်း	**၈၃၆၅၆.၇၇**	**၁၁၂၂၈၁.၄၂**	**၁၉၅၉၃၈.၁၉**	-

၉.၅.၃.၁.၂ ဒီရေတောစိုက်ပျိုးပြုစုနည်းစနစ်

ကျင့်သုံးမည့် မျိုးဆက်ခြင်းနည်းစနစ်များမှာ -

၁။ဓမ္မတာမျိုးဆက်ခြင်းနှင့်

၂။ပဝတ္တိမျိုးဆက်ခြင်းတို့ဖြစ်ပြီး အခြေနေပေးလျှင် ဓမ္မတာမျိုးဆက်ခြင်းကို အလေးပေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၂၀၀၆ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ တည်ထောင်စိုက်ပျိုးခဲ့သော ဒီရေတော(ကျေး/သုံး)စိုက်ခင်းများအား ဇယား (၂.၃.၂.၁ .၆) နှင့် ဇယား(၂.၃.၂.၂.၆)တို့ဖြင့် ဖော်ပြအပ်ပါသည်။

၉.၅.၃.၁.၃ ခုတ်ပါတ်

ခုတ်ပါတ်ဖော်ပြရန်မရှိပါ ။

၉.၅.၃.၁.၄ထုတ်လုပ်ခွင့်ပြုသည့်အရွယ်အစား

ကျောက်ဖြူခရိုင်အတွင်းရှိ ဒီရေတောအလုပ်တိုက်နယ်အတွင်းမှ သစ်ထုတ်ယူနိုင်ခြင်းမရှိသဖြင့် ဖော်ပြရန်မရှိပါ ။

၉.၅.၃.၁.၅ တောထွက်တွက်ချက်ခြင်းနှင့်ထိန်းသိမ်းခြင်း

ကျောက်ဖြူခရိုင်အတွင်းရှိ ဒီရေတောအလုပ်တိုက်နယ်အတွင်းမှ သစ်ထုတ်ယူနိုင် ခြင်းမရှိသဖြင့်ဖော်ပြရန်မရှိပါ။

၉.၅.၃.၁.၁.ဖအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာပြဿနာများ

ဒီရေတောကြိုးဝိုင်းတောကိုမထိခိုက်စေဘဲကျေးရွာသုံးအတွက် လိုအပ်ချက်ရှိပါကကြိုးပြင်တောများအတွင်း ကန့်သတ်ချက်ဖြင့်ခုတ်စဉ်ဖွင့်မည်(သို့မဟုတ်) ပိတ်မည်ကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးမှဆုံးဖြတ်မည်ဖြစ်ပါသည်။ နှစ်စည်ခုတ်စဉ်တစ်ခုအတွင်း ဧရိယာဧကမည်မျှ ခွင့်ပြုမည်ကိုလည်းခရိုင်လက်ထောက်ညွှန်ကြားရေးမှူးဆုံးဖြတ်မည်ဖြစ်ပြီး၊ ခရိုင်ခွင့်ပြုတောထွက်ဧရိယာထက်မပိုစေဘဲခွင့်ပြုလုပ်ကိုင်သွားမည်ဖြစ်ပါသည်။သုံးစွဲခွင့်ပြုပြီးပါကပြန်လည်စိုက်ပျိုးနိုင်ရေး စီမံချက်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉.၅.၃.၂ ပြည်သူထူထုပူးပေါင်းဆောင်ရွက်ခြင်း

ဒီရေတောထိန်းသိမ်းကာကွယ်ရေးဖြစ်စဉ်တိုးတက်ကောင်းမွန်လာစေရန် တောအပေါ်မှီခိုနေသူများ၏အသိစိတ်အတွင်း နိုးကြားတက်ကြွသည့်အသိညာ ဖြစ်ပေါ်လာစေရန်နှင့်ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် သစ်တောဦးစီးဌာန မှဖြန့်ဝေပေးသောပညာပေးကြော်ငြာများ၊လက်ကမ်းစာစောင်များကျေးရွာ များသို့အရောက်ဖြန့်ဖြူးပေးခြင်း၊ သစ်တောသစ်ပင်များမှရရှိသည့် တိုက်ရိုက် နှင့်သွယ်ဝိုက်သောအကျိုးကျေးဇူးများကိုအခါအားလျော်စွာပညာပေးဟော ပြောပွဲများကျင်းပခြင်း၊ ဆွေးနွေးခြင်းများပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

ကျောက်ဖြူခရိုင်တွင် ဒေသခံပြည်သူတို့လူမှုစီးပွါးရေးဖွံ့ဖြိုးတိုးတက်စေရေး၊ ဒီရေတောများအပေါ်၌မှီခိုမှုများ တဖြည်းဖြည်းလျော့နည်းပျောက်စေရေး၊ ဒီရေတောကာကွယ်ထိန်းသိမ်းခြင်းမှ ရရှိမည့်တိုက်ရိုက်နှင့် သွယ်ဝိုက်အကျိုးရလာဒ်များကိုကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်စေရန် ရုပ်/သံ ဗွီဒီယိုဇာတ် လမ်းများစသည့်နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရေးသစ်တောပညာရပ်ဆိုင် ရာအတက်ပညာ၊ နည်းပညာများ ဖြန့်ဖြူးရေးစသည့်လုပ်ငန်းများဆောင်ရွက် သွားရန်လိုအပ်ပါသည်။ ယခုအခါသစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် ကုလသမဂ္ဂနှင့်ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) တို့မှ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသည့် "ရေရှည်တည်တံ့စေမည့် အစုအဖွဲ့အခြေခံ ဝန်ဗိုက်ဒီရေတောကြိုးဝိုင်းလုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း" စတင်ဆောင်ရွက်နေပြီးစီမံကိန်းမှထွက်ပေါ်လာမည့် အကျိုးရလာဒ်များသည် ဒေသခံပြည်သူများနှင့်တစ်နိုင်ငံလုံးရှိ ကမ်းရိုးတန်းနှင့်ဒီရေတောဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အတွက်များစွာအထောက်အကူပြုစေမည်ဖြစ်ပါသည်။

၉.၅.၃.၃သစ်တောပညာပေးခြင်း

ကျောက်ဖြူခရိုင်အတွင်းရှိ ဒီရေတောအလုပ်တိုက်နယ်အားမှီခိုနေထိုင်သည့်ပြည်သူလူထုများအားသစ်တောပညာပေးပါ၌ လက်တွေ့အကောင်အထည်ဖော်နိုင်မည့်နည်းလမ်းများ ဒေသနှင့်ကိုက်ညီမည့်နည်းလမ်းများကို အောက်ပါအတိုင်းအောက်ပါအတိုင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က) ဒီရေတောဇရိယာအတွင်း ဒီရေတောများပျက်စီးစေနိုင်သည့် အပြုအမူများဆောင်ရွက်မှုများဖြစ်သည့် လယ်ကာရီ၊ ပုဇွန်ကာရီတိုးချဲ့ဆောင်ရွက်ခြင်း၊ ထင်း၊ မီးသွေးအလွန်အကျွံထုတ်ယူသုံးစွဲသည့်အပြုအမူများ၏ အကျိုးသက်ရောက်မှုများကိုပညာပေးဟောပြောစည်းရုံးခြင်း၊

(ခ) ဒီရေတောမှရရှိနိုင်သည့် အကျိုးကျေးဇူးများဖြစ်သောလက်တွေ့မြင်နိုင်သည့်အကျိုးကျေးဇူးများ၊ သွယ်ဝိုက်၍ရရှိနိုင်သောအကျိုးကျေးဇူးများ၊ ဒီရေတောများ၏တန်ဖိုးအားပြည်သူလူထုများ သိရှိလာစေရန်အတွက် လက်ကမ်းစာစောင်များ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများဖြန့်ဖြူးပညာပေးစည်းရုံးခြင်း၊

(ဂ) ဒီရေတောဇရိယာများအား မှီခိုနေထိုင်သည့် သူများ၏ အခြားစီးပွါးရေးများတဖြည်းဖြည်းပြောင်းလဲလုပ်ကိုင်သွားနိုင်ရေးအတွက် ပညာပေးဆောင်ရွက်ခြင်း ၊

၉.၆ သဘာဝထိန်းသိမ်းရေးနယ်မြေများ

၉.၆.၁ ဂေဟစနစ်များအုပ်ချုပ်လုပ်ကိုင်ခြင်း

ကျောက်ဖြူခရိုင်တွင် သဘာဝထိန်းသိမ်းရေးနယ်မြေများ မရှိသဖြင့် ဖော်ပြရန်မရှိပါ။

၉.၆.၂ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအုပ်ချုပ်လုပ်ကိုင်ခြင်း

ဖော်ပြရန်မရှိပါ။

၉.၆.၃ အဖွဲ့အစည်း၊ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများဆိုင်ရာစီစဉ်ခန့်ခွဲမှု

ဖော်ပြရန်မရှိပါ။

၉.၆.၄ ဘတ်ဂျက်နှင့် ဘဏ္ဍာရေး

ဖော်ပြရန်မရှိပါ။

၉.၇ သစ်တောကာကွယ်ခြင်း

၉.၇.၁ နယ်နိမိတ်သတ်မှတ်ပြင်ဆင်ထိန်းသိမ်းခြင်း

ကြိုးဝိုင်းနှင့်အကွက်နယ်နိမိတ်များကို ပြင်ဆင်ထိန်းသိမ်းရာတွင် လက်အောက်အမှုထမ်းများ အမြဲလိုက်နာရန် အမိန့်လက်စွဲအမှတ်(၆)စာမျက်နှာ ၅၀ မှ ၅၇ တွင် ဖော်ပြထားသည့် ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉.၇.၁.၁ ကြိုးဝိုင်းနယ်နိမိတ်

ရမ်းဗြဲမြို့နယ်ရှိဝန်ဗိုက်ကြိုးဝိုင်းကို ၁၀ နှစ်တာကာလအတွင်း အစီ အစဉ်ရေးဆွဲ၍ ပြင်ဆင်သွားမည်ဖြစ်ပါသည်။ ကြိုးဝိုင်းပြင်ဆင်ခြင်း လုပ်ငန်းများနှင့်အတူ လူအများဖြတ်သန်းသွားလာပြီး လူနေရပ်နှင့်နီးသည့်နေရာများတွင် ပညာပေး၊သတိပေးနှင့်ကြော်ငြာဆိုင်းဘုတ်များကိုစိုက်ထူထားရှိရမည်ဖြစ်ပါသည်။ထို့အပြင်သစ်တောဝန်ထမ်းများမှ လုပ်ငန်းခွင်ဝင်ရသည့်အချိန်များတွင် ကြိုးဝိုင်းနယ်နိမိတ်များကို အမြဲမပြတ်စစ်ဆေးပြီး နှောင့်ယှက်ဖျက်စီးလွယ်သည့်နေရာများမှ နယ်နိမိတ်များကိုဖျက်စီးနေကြောင်းတွေ့ရှိပါကလက်ထောက်ညွှန်ကြားရေးမှူးထံတင်ပြ၍ အထူးခွင့်ပြုမိန့်တောင်းခံပြီး ပြင်ဆင်သွားရမည်ဖြစ်ပါသည်။ ပြင်ဆင်ရန် အစီအစဉ်များကို ဇယား (၉.၇.၁.၁) တွင် ရေးဆွဲဖော်ပြထားပါသည်။

ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ရာတွင် နှစ်စဉ်လျာထားချက် အလျားမိုင်များမှာနည်းသည့်အပြင် ခွင့်ပြုရုံပုံငွေမှာလည်းနည်းလှသဖြင့်အကျိုးထိရောက်အောင် ပြင်ဆင်ရန်အခက်အခဲရှိပါသည်။ သင့်တော်လျော်ကန်သော ရုံပုံငွေကို ခွဲဝေချမှတ်ပေးပြီး အထူး ကိစ္စရပ်အနေဖြင့်အလေးထားဆောင်ရွက်ပါက သတ်မှတ်ကာလအတွင်း ကြိုးဝိုင်း နယ်နိမိတ်ပြင်ဆင်ခြင်းလုပ်ငန်းပြီးစီးမည်ဖြစ်ပါသည်။

စီမံကိန်းကာလအတွင်းကြိုးဝိုင်းနယ်နိမိတ် ပြင်ဆင်ရန်လျာထားချက်

ဇယား(၉.၇.၁.၁)က

မြို့နယ်	ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်	နယ်နိမိတ်အလျား (မိုင်)	၂၀၂၅-၂၆	၂၀၂၆-၂၇	၂၀၂၇-၂၈	၂၀၂၈-၂၉	၂၀၂၉-၃၀	၂၀၃၀-၃၁	၂၀၃၁-၃၂	၂၀၃၂-၃၃	၂၀၃၃-၃၄	၂၀၃၄-၃၅	မှတ်ချက်
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)	(၁၀)	(၁၁)	(၁၂)	(၁၃)	(၁၄)
ရမ်းဗြဲ	ဝန်ဗိုက်ကြိုးဝိုင်း	၅၀	၆	၆	၆	၆	၆	၄	၄	၄	၄	၄	
	စုစုပေါင်း	**၅၀**	**၆**	**၆**	**၆**	**၆**	**၆**	**၄**	**၄**	**၄**	**၄**	**၄**	

ဇစ်မြစ် - ကျောက်ဖြူခရိုင်သစ်တောဦးစီးဌာန။

၉.၇.၁.၂ အကွက်နယ်နိမိတ်

ကြိုးပြင်ကာကွယ်တောများအတွင်းရှိ အသစ်ခွဲခြားသတ်မှတ်ထားသော အကွက်သစ်များ၏နယ်နိမိတ် ပြင်ဆင်ခြင်းလုပ်ငန်းကို အောက်ပါအတိုင်းဆောင်ရွက်သွားပါမည်။ ထို့အပြင် ကြိုးပြင်ကာကွယ်တောများအတွင်းဖြတ်သန်းသွားသော မော်တော် ကားလမ်းများ၊ရထားလမ်းများ၊ လှည်းလမ်းများရှိပါက အကွက်နယ်နိမိတ်များတွင် သတိပေး၊ ပညာပေးနှင့်ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူထားရှိရမည်ဖြစ်ပါသည်။

စီမံကိန်းကာလအတွင်း အကွက်နယ်နိမိတ်ပြင်ဆင်ရန်လျာထားချက်

ဇယား(၉.၇.၁.၁)ခ

မြို့နယ်	ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော	နယ်နိမိတ်အလျား(မိုင်)	ပြင်ဆင်မည့်နှစ်အလိုက်အလျား(မိုင်)									
			၂၀၂၀-၂၁	၂၀၂၁-၂၂	၂၀၂၂-၂၃	၂၀၂၃-၂၄	၂၀၂၄-၂၅	၂၀၂၅-၂၆	၂၀၂၆-၂၇	၂၀၂၇-၂၈	၂၀၂၈-၂၉	၂၀၂၉-၃၀
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)	(၁၀)	(၁၁)	(၁၂)	(၁၃)
ကျောက်ဖြူ	နတ်ကန်တောင်ကြိုးပြင်ကာကွယ်တော	၁၅	၂	၂	၂	၂	၂	၁	၁	၁	၁	၁
ရမ်းဗြဲ	မင်းကြောင်းကြိုးပြင်ကာကွယ်တော	၂၅	၄	၄	၄	၄	၄	၁	၁	၁	၁	၁
	ကွန်းချိန်တောင်ကြိုးပြင်ကာကွယ်တော	၁၅	၂	၂	၂	၂	၂	၁	၁	၁	၁	၁
အမ်း	ရူး-မအီကြိုးပြင်ကာကွယ်တော	၂၀	၂	၂	၂	၂	၂	၂	၂	၂	၂	၂
	စုစုပေါင်း	**၇၅**	**၁၀**	**၁၀**	**၁၀**	**၁၀**	**၁၀**	**၅**	**၅**	**၅**	**၅**	**၅**

ဇစ်မြစ် - ကျောက်ဖြူခရိုင်သစ်တောဦးစီးဌာန။

၉.၇.၂ မီးကာကွယ်ခြင်း

ရုံး၊ ဌာနပိုင်အဆောက်အဦများ၊ ပစ္စည်းနှင့် ဆီသိုလှောင်ရုံများ၊ ဝန်ထမ်းနေအိမ်များ၊ မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှစ်စဉ် နွေရာသီမရောက်မီ မီးဘေးကြိုတင် စီမံချက်ရေးဆွဲစေပြီး စီမံချက်ပါအတိုင်း၊ မီးခိုတ်၊ မီးကပ်များ၊ ရေပုံးများ၊ မီးသတ်ဗူးများထားရှိခြင်း ဆောင်ရွက်ရပါမည်။ ရေကန်များတွင် ရေများဖြည့်ထားပေးရပါမည်။

ဝန်ထမ်းများကို နေ့/ည တာဝန်ချထား၍ ကာကွယ်စောင့်ရှောက်ရပါမည်။ မီးလောင်မှုဖြစ်ပွားပါကမိမိတာဝန်ယူရသောနေရာ မီးကူးစက်လောင်ကျွမ်းခြင်း မရှိရအောင်ဆက်သွယ်ရမည့်လမ်းကြောင်းများအကူအညီယူရမည့်နေရာများကိုကြိုတင်ပြောကြား

ထားပြီးမီးငြိမ်းသတ်ခြင်းလုပ်ငန်းကို လေ့ကျင့်သင်ကြားပေးထားရပါမည်။ မီးဘေး အန္တရာယ်ဆိုးရွားပုံကို ရုပ်ပုံ၊ပိုစတာ၊ရုပ်ရှင်၊ရုပ်မြင်သံကြားတို့မှ ပညာပေးဖြန့်ဖြူးနေသည်တို့ကို ကြည့်ရှုစေ၍ ဤသို့ အန္တရာယ်ဆိုးများ မကျရောက်ရအောင် မီးဂရုစိုက်ရေး လုံဆော်ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

စိုက်ခင်းများကိုမူ ၅ နှစ်သားအထိ မီးကာကွယ်ရမည်ဖြစ်ပါသည်။ ဇန်နဝါရီ ၁၅ ရက်မှ မေလ ၁၅ ရက်အထိ (၄) လတာကာလကို မီးကာကွယ်သောကာလအဖြစ် သတ်မှတ်ထားရှိပြီး ဖြစ်ပါသည်။ နွေရာသီအစတွင် စိုက်ခင်းပတ်လည်၌ (၁၀)ပေ အကျယ် မီးတားလမ်းကိုပါ အပြောင်ရှင်းထားပေးရပါမည်။ အတွင်းမီးတားလမ်းများကိုပါ ဖောက်လုပ်ထားပေးရပါမည်။ဖြစ်နိုင်လျှင် မီးလှန်ကွက်များပြုလုပ်ပြီး ဆောင်းရာသီ တွင်ထိန်းသိမ်းကြိုတင်မီးရှို့ခြင်း (Control Burning) လုပ်ပေးနိုင်လျှင် ပိုကောင်းပါသည်။အချက်အချာကျသော နေရာများတွင် မီးမျော်စင်များဆောက်လုပ်ပြီး မီးစောင့်များကိုတာဝန်ချထားပေးရပါမည်။ မီးတားလမ်းတစ်လျှောက် မီးကပ်များကို ထားပေးရပါမည်။စိုက်ခင်းအတွင်းဝင်ရောက်သူများအားမီးဂရုစိုက်ရန် ပညာပေးခြင်း၊ နှိုးဆော်ခြင်း၊ ပြုလုပ်ပေးရပါမည်။ စိုက်ခင်းပတ်လည် လူဝင်လူထွက်များသောနေရာများတွင် မီးသတ်ပြုဆိုင်းဘုတ်များ စိုက်ထူထားပေးရပါမည်။ မီးစောင့်နှင့် ဝန်ထမ်းများတွဲဖက်၍တာဝန်ချစောင့်ရှောက်နေရမည်ဖြစ်ပြီး မီးအန္တရာယ်ကြုံတွေ့ရပါက အချက်ပြဆက်သွယ်ရေးအစီအစဉ်၊ အကူအညီယူရမည့်အစီအစဉ်၊ ဝိုင်းဝန်းငြိမ်းသတ်မည့် အစီအစဉ်များကို ကြိုတင်ပြင်ဆင်လေ့ကျင့်ထားရှိရပါမည်။ စိုက်ခင်းများတွင်လည်း နှစ်စဉ်စီမံချက်ကိုရေးသားစေပြီးစီမံချက်ပါအတိုင်းဆောင်ရွက်ရန်ကြီးကြပ်လုပ်ကိုင် ဆောင်ရွက်နေရမည်ဖြစ်ပါသည်။

သစ်နှင့် သစ်တောထွက်ပစ္စည်းထုတ်လုပ်သော အဖွဲ့အစည်းများအနေဖြင့်လည်းမီးဘေးအန္တရာယ်မကျရောက်အောင် ကြိုတင်ကာကွယ်မှုကိုလိုက်နာဆောင်ရွက်ရန် တွန်းအား ပေးဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ၄င်းတို့အား တာဝန်ရှိသူများက လိုအပ်သလိုကြီးကြပ်ဆောင်ရွက်နေရမည်ဖြစ်ပါသည်။မီးကာကွယ်ထားသော ဧရိယာအတွင်းဖြတ်သန်းသွားလာသောကျေးရွာသားများအား မီးဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်ပါအတိုင်းလိုက်နာဆောင်ရွက်ရန်ဆောင်ရွက်ရမည်ဖြစ်ပြီး မလိုက်နာပါက ဥပဒေ အရထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉.၇.၃ ပိုးမွှားနှင့်ရောဂါအန္တရာယ်ကာကွယ်ခြင်း

ခရိုင်အတွင်းရှိသဘာဝတောများနှင့် သစ်တောစိုက်ခင်းများတွင် ပိုးမွှားနှင့်ရောဂါအန္တရာယ်များကျရောက်ပါက ဖြစ်ပွားမှုအခြေအနေပေါ်မူတည်၍ သစ်တောသုတေသန

ဌာန၊မြန်မာ့စိုက်ပျိုးရေးဌာနတို့နှင့် ညှိနှိုင်းပြီးလိုအပ်သောပိုးသတ်ဆေး၊ မှိုသတ်ဆေးများရယူ၍ကျရောက်သောပိုးမွှားရောဂါနှင့် အခြားရောဂါများကို ကာကွယ်သွားမည်ဖြစ်ပါသည်။ယခင်မှတ်တမ်းများအရပိုးမွှားနှင့်ရောဂါအန္တရာယ်များ ဆိုးရွားစွာကျရောက်ခဲ့ခြင်းမရှိကြောင်း သိရှိရပါသည်။

၉.၇.၄ လှည့်လည်စစ်ဆေးခြင်း

ခရိုင်အတွင်း ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောနှင့်သစ်တောစိုက်ခင်းများကို ကာကွယ်စောင့်ရှောက်ရန်ဘိုနယ်တာဝန်ခံများက မိမိတာဝန်ယူရသော ဘိုနယ်အတွင်းလှည့်လည်စစ်ဆေးပြီးတွေ့ရှိချက်များကို မြို့နယ်ဦစီးမှူးထံတင်ပြရမည်။ စိုက်ခင်းများတွင်လည်း စိုက်ခင်းတာဝန်ခံဝန်ထမ်းများကို သီးသန့်တာဝန်ပေးထားပါသည်။မြို့နယ်မှလည်းသစ်တောထိန်းသိမ်းရေးလုပ်ငန်းအတွက်လှုပ်ရှားအဖွဲ့များဖွဲ့စည်း၍ အလျဉ်းသင့်သလို လှည့်လည်စစ်ဆေးဆောင်ရွက်သွားရပါမည်။ ၄င်းလှည့်လည်စစ်ဆေးသည့်အဖွဲ့များသည်ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများအတွင်း ကျူးကျော်တောင်ယာခုတ်ခြင်း၊တရားမဝင်သစ်ထုတ်ယူခြင်းနှင့် အခြားသစ်တောပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်မှုများတွေ့ရှိရပါက မြို့နယ်ဦးစီးအရာရှိများမှ သစ်တောဥပဒေအရ အရေးယူဆောင်ရွက်ချက်များကိုလက်ထောက်ညွှန်ကြားရေးမှူးထံတင်ပြအစီရင်ခံနေရမည်ဖြစ်ပါသည်။

၉.၇.၅ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများတိုးချဲ့ဖွဲ့စည်းခြင်း

စီမံကိန်းကာလအတွင်း ကြိုးပြင်ကာကွယ်တောတိုးချဲ့ဖွဲ့စည်းတည်ထောင်ရန်အောက်ပါအတိုင်း သတ်မှတ်လျာထားပါသည်။

ကျောက်ဖြူခရိုင်အတွင်း

စီမံကိန်းကာလအတွင်း ကြိုးပြင်ကာကွယ်တောများတိုးချဲ့ဖွဲ့စည်းခြင်း

ဇယား (၉-၇-၅)

စဉ်	ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော/သဘာဝထိန်းသိမ်းရေးနယ်မြေ	ဧရိယာ (ဧက)	မြို့နယ်	မှတ်ချက်
(၁)	(၂)	(၃)	(၄)	(၅)
၁။	ဒါးလက်ကြိုးပြင်ကာကွယ်တော	၅၈၂.၉၂	အမ်း	အဆိုပြုတင်ပြထားဆဲ
၂။	မင်းကြောင်း(တိုးချဲ့)ကြိုးပြင်ကာကွယ်တော	၃.၁၅	ရမ်းဗြဲ	အဆိုပြုတင်ပြရန်
၃။	တောင်နီတောင်ကြိုးပြင်ကာကွယ်တော	၁.၂၃	မာန်အောင်	အဆိုပြုတင်ပြရန်

ဧစ်မြစ် - ကျောက်ဖြူခရိုင်၊ သစ်တောဦးစီးဌာန။

၉.၈ လေ့ကျင့်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး

၉.၈.၁ လေ့ကျင့်ရေး

ခရိုင်အတွင်းရှိဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည်အရည်အသွေး မြင့်မားတိုးတက်ရန် အတွက် ပြည်တွင်း/ပြည်ပသင်တန်းများ၊လေ့လာရေးခရီးစဉ်များ၊အလုပ်ရုံဆွေးနွေးပွဲများတက်ရောက်စေခဲ့ပါသည်။တက်ရောက်ပြီးစီးမှုအခြေအနေများကို အတွဲ(၂) ဇယား(၄.၄)တွင်ဖော်ပြထားပါသည်။စီမံကိန်းကာလအတွင်းတွင်လည်းသစ်တောဦးစီးရုံးချုပ်၊ လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲနှင့်ညှိနှိုင်းပြီး သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကိုဝန်ထမ်းများ တက်ရောက်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၉.၈.၂ သုတေသန

ခရိုင်အတွင်းသုတေသနလုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်မရှိသေးပါ။ လိုအပ်ပါလျှင် သစ်တောသုတေသနဌာနခွဲနှင့်ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျောက်ဖြူမြို့နယ်အတွင်း အစိုးရမဟုတ်သောအဖွဲ့အစည်းဖြစ်သည့် ဒီရေတော ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း(MSN၊ကျောက်ဖြူမြို့) ပူးပေါင်း၍ ဆောင်ရွက်လျှက်ရှိသော ဒီရေတောများ ပြန်လည်စိုက်ပျိုးခြင်းနှင့် ဒီရေတောထိန်းသိမ်းခြင်းလုပ်ငန်းများကို အတွဲ(၂) နောက်ဆက်တွဲ ဇယား(၉.၈.၂)ဖြင့် ဖော်ပြအပ်ပါသည်။

၉.၈.၃ ဖွံ့ဖြိုးရေး

ခရိုင်အတွင်းရှိဂန်ထမ်းများကို ပြည်တွင်းပြည်ပသင်တန်းများ၊ လေ့လာရေးခရီးစဉ်များသွားရောက်စေခြင်းဖြင့် အသိဉာဏ်ပညာကြွယ်ဝစေခြင်း နိုင်ငံတကာတွင် တိုးတက်နေသောအတွေးအမြင်များကို ခံစားသိရှိရခြင်း၊ဗဟုသုတများတိုးပွားခြင်း၊ လုပ်ငန်းခွင်အတွေ့အကြုံပိုမိုရင့်ကျက်ခြင်း ခေတ်မီနည်းပညာရပ်များကို ဆည်းပူးရမိခြင်း၊ စသော အကျိုးခံစားမှုများရရှိပြီးမိမိသိရှိလာသောအတွေ့အကြုံ၊ ဗဟုသုတများကို လုပ်ငန်းခွင်အတွင်းအသုံးချပြီးမိမိလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ မိမိနှင့်အတူ လုပ်ငန်းခွင်တွင်ထိတွေ့နေသော ဂန်ထမ်းများ၊ လုပ်သားပြည်သူများကို ထပ်ဆင့်ဗဟုသုတတိုးပွားအောင် ဆောင်ရွက်ပေးခြင်း၊ ၄င်းတို့နှင့်အတူ လုပ်ငန်းခွင်တွင်လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ဂန်ထမ်းများနှင့်ပြည်သူများတွင်နည်းပညာပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုရှိလာမည်ဖြစ်ပါသည်။ ဂန်ထမ်းများကိုလုပ်ငန်းခွင်သင်တန်းများ တက်ရောက်စေခြင်းဖြင့် ဂန်ထမ်းများစွမ်းဆောင်ရည်မြင့်တက်ပြီးဗဟုသုတတိုးပွားရန်၊ သင်တန်းတွင်ရရှိသော အတွေ့အကြုံဗဟုသုတများကို လုပ်ငန်းခွင်တွင်အသုံးချခြင်းဖြင့် လုပ်ငန်းများစွမ်းရည်မြင့်မားပြီး နိုင်ငံတော်

အတွက်အကျိုးရှိလာမည်ဖြစ်ပါသည်။ လုပ်ငန်းခွင်စွမ်းရည်မြင့်မားပါမှ လုပ်ငန်းတွင်ပါဝင်ဆောင်ရွက်နေကြသောလုပ်သားပြည်သူများနှင့်လုပ်ငန်းရလာဒ်အပေါ် အကျိုးခံစားခွင့်ရှိသောပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

၉.၉ သစ်တောအခြေခံလုပ်ငန်း

၉.၉.၁ ပြည်သူပိုင်ကဏ္ဍ

ခရိုင်အတွင်း မြန်မာ့သစ်လုပ်ငန်းပိုင် သစ်စက်မရှိပါ။

၉.၉.၂ သမဝါယမပိုင်ကဏ္ဍ

ခရိုင်အတွင်း သမဝါယမပိုင်ကဏ္ဍမှ သစ်တောအခြေခံစက်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသေးကြောင်းတွေ့ရပါသည်။

၉.၉.၃ ဖက်စပ်ပိုင်ကဏ္ဍ

ကျောက်ဖြူခရိုင်အတွင်းသစ်တောအခြေခံလုပ်ငန်းများကိုဖက်စပ်ဆောင်ရွက်မှုမရှိပါ။

၉.၉.၄ ပုဂ္ဂလိကပိုင်ကဏ္ဍ

သစ်အခြေခံစက်မှုလုပ်ငန်းများဖြစ်သော ပရိဘောဂလုပ်ငန်းများ၊ သစ်ဆိုင်များ၊ သစ်တောထွက်ပစ္စည်း အရောင်းဆိုင်များ၊ လယ်ယာသုံးကိရိယာလုပ်ငန်းများ ထုပ်ပိုးသေတ္တာခွန်လုပ်ငန်းများကို ပုဂ္ဂလိကများက လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်ရာ ဖွံ့ဖြိုးတိုးတက်စွာလုပ်ကိုင်နိုင်ရေးအတွက် စီမံကိန်းကာလအတွင်း ကုန်ကြမ်းပစ္စည်းများဖြစ်သောသစ်နှင့်သစ်တောထွက်ပစ္စည်းများကိုစနစ်တကျထုတ်လုပ် ခွဲစိတ်ဖြန့်ဖြူးရောင်းချပေးရေးအတွက် ခရိုင်အတွင်းသစ်စက်(စက်သေး)(၇)လုံးနှင့် အိမ်တွင်းစက်မှုလက်မှု(၁)လုံး ခွင့်ပြုဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၉.၁၀ သဘာဝဝန်းကျင်နှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားရမည့်အချက်များ

မြန်မာနိုင်ငံတွင်သစ်တောဦးစီးဌာနမှ လက်ရှိကျင့်သုံးနေသော မြန်မာ့ရွေးချယ်ထုတ်လုပ်ခြင်းနည်းစနစ်သည်ထာဝစဉ်ညီတောထွက်ရရှိရေးအတွက်အထောက်အကူပြုပြီးမြန်မာနိုင်ငံနှင့်သင့်လျော်သောနည်းစနစ်ဖြစ်ပါသည်။သဘာဝတောများကို အုပ်ချုပ်ရာတွင် ဤနည်းစနစ်သည်ကောင်းမွန်ပါသည်။ ယခုအခါလူဦးရေများပြားသည်နှင့်အမျှ သစ်လိုအပ်ချက်များပြားလာပြီး တရားမဝင်ထုတ်လုပ်မှုများရှိသကဲ့သို့ တရားမဝင် ထုတ်လုပ်မှုများလည်းများပြားလာသောကြောင့် သဘာဝတောများလျော့ပါးမှု တိုးပွားလာပါသည်။

သဘာဝတောကို ထိန်းသိမ်းကာကွယ်ခြင်းသည် သဘာဝဝန်းကျင်ကို ပျက်စီးမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်သည့်အပြင် ငွေကြေးကုန်ကျမှုနည်းပါးစွာဖြင့် သစ်တောများပြန်လည်ထူထောင်သည့် နည်းစနစ်တစ်ခုပင်ဖြစ်ပါသည်။ သဘာဝတောများကိုကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရုံဖြင့်အနာဂတ်အတွက်သစ်လိုအပ်ချက်ကို ဖြည့်ဆည်းရန်မဖြစ်နိုင်တော့သဖြင့် စိုက်ခင်းများတည်ထောင်ပြီးသစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဆောင်ရွက်လာရပါသည်။ သို့ရာတွင် တစ်ဆက်တစ်စပ်တည်း အပြောင်ရှင်းခုတ်လှဲစိုက်ပျိုးခြင်းကိုရှောင်ရပါမည်။ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဦးစားပေးလုပ်ကိုင်ဖို့ လိုအပ်ပါသည်။

၉.၁၀.၁ သစ်တောစိုက်ခင်းများ

သစ်တောစိုက်ခင်းများတည်ထောင်ခြင်းဖြင့်အဖိုးတန်စီးပွားရေးသစ်မျိုးများကိုဧရိယာကျဉ်းကျဉ်းအတွင်းထုထည်များများထုတ်လုပ်နိုင်လာပါသည်။ သဘာဝတောများတွင် လျော့နည်းလာသည့်အဖိုးတန်သစ်မျိုးများကိုစိုက်ခင်းများပြုလုပ်၍ အားဖြည့်ပေးခြင်းဖြစ်ပါသည်။ သို့သော် စိုက်ခင်းများပြုလုပ်ခြင်းဖြင့် နိုင်ငံတော်တွင် ရင်းနှီးမြှုပ်နှံငွေမြောက်များစွာကုန်ကျရပါသည်။ စိုက်ခင်းလုပ်ရာတွင် တောင်ယာစနစ်ဖြင့်တောကိုအပြောင်ရှင်း၊ခုတ်လှဲ၊ မီးရှို့ပြီးအသစ်ပြန်လည်စိုက်ပျိုးသောကြောင့် သဘာဝဝန်းကျင်တွင်ပြောင်းလဲမှုများဖြစ်ပေါ်လာရသည်။ သစ်မျိုးတစ်မျိုးတည်းကို အစုလိုက်ဧကများစွာစိုက်ပျိုးခြင်းကြောင့် ပိုးမွှားအန္တရာယ်ကျရောက်ခြင်း၊ ရောဂါအန္တရာယ်ကျရောက်ခြင်းဖြစ်ပေါ်ပါက ဆုံးရှုံးမှုပမာဏများပြားတတ်ပါသည်။ သစ်မျိုးများ ရောနှောစိုက်ပျိုးခြင်းသည်အထက်ဖော်ပြပါအခြေအနေဆိုးများကို အတိုင်းအတာတစ်ခုအထိထိန်းသိမ်းနိုင်ပါသည်။ သို့သော်သစ်တောစိုက်ပျိုး ပြုစုထိန်းသိမ်းခြင်းကို ဆက်လက်ဆောင်ရွက်သည့်အခါ မူလရည်ရွယ်ချက်ကိုမလွှဲလာဘဲ အဖိုးတန်သစ်မျိုးကို ဦးစားပေး၍ ကျန်သစ်မျိုးများကို ပင်ကြပ်နှုတ်ရာတွင်ခုတ်လှဲထုတ်လုပ်လိုက်ပါက ရလာဒ်သည် တစ်မျိုးပြောင်းလဲသွားမည်ဖြစ်ပါသည်။ စိုက်ခင်းများပြုလုပ်ရာတွင် ဧရိယာဧက ကျယ်ပြန့်စွာအပြောင်ခုတ်လှဲမီးရှို့ပြီး စိုက်ပျိုးခြင်းထက်ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ အစားထိုးစိုက်ပျိုးခြင်း၊ စနစ်များကိုအသုံးပြု၍ဆောင်ရွက်မည်ဆိုပါက သဘာဝဝန်း ကျင်ပျက်စီးမှုနည်းပါးပြီး သဘာဝတောတွင်း အဖိုးတန်သစ်မျိုးများတိုးပွားလာမည်ဖြစ်ပါသည်။သို့သော် အုပ်ချုပ်ရေးရှုထောင့်မှကြည့်လျှင်နေရာကျယ်ပြန့်စွာဆောင်ရွက်ရ ခြင်းကြောင့် ဝန်ထမ်းအင်အားပိုမို အသုံးပြုရမည်ဖြစ်ပါသည်။

၉.၁၀.၂ သစ်ထုတ်လုပ်ခြင်း

သစ်ထုတ်လုပ်ခြင်းမရှိသေး၍ လေ့လာသုံးသပ်ဖော်ပြရန်မရှိပါ။

၉.၁၀.၃ အပန်းဖြေခြင်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း

အပန်းဖြေခြင်းနှင့်သဘာဝအခြေခံခရီးသွားလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူများ၏စီးပွားရေး၊လူမှုရေးအခြေအနေ တိုးတက်လာမည်ဖြစ်ပါသည်။ နိုင်ငံတော်နှင့် ခရီးသွားလုပ်ငန်းဆောင်ရွက်သည့်အဖွဲ့အစည်းများအနေဖြင့် ဝင်ငွေရရှိလာမည်ဖြစ်ပါသည်။ဖွင့်လှစ်သည့်စခန်းများကို စနစ်တကျစည်းကမ်းများချမှတ်ပြီး ချမှတ်ထားသောစည်းကမ်းများအတိုင်းလိုက်နာအောင် ကြီးကြပ်ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိနိုင်ပါ။ စနစ်တကျကြီးကြပ်ကွပ်ကဲမှုမရှိလျှင် မီးဘေးအန္တရာယ်များကျရောက်ခြင်း၊ ထိန်းသိမ်းထားသော ဧရိယာကိုဖျက်စီးခြင်းတို့ကြောင့် သဘာဝဝန်းကျင်ကိုထိခိုက်မှုရှိလာနိုင်ပါသည်။ သို့ဖြစ်၍အပန်းဖြေခြင်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ဆောင်ရွက်ပါကစည်းကမ်းချက်များစနစ်တကျ ရေးဆွဲချမှတ်ပြီး လိုက်နာဆောင်ရွက်အောင် ကြီးကြပ် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၉.၁၀.၄ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ

သဘာဝဝန်းကျင်ပျက်စီးမှုမရှိမှသာ သဘာဝတောကို မှီခိုနေထိုင်ကြသည့် တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များသည် သဘာဝအတိုင်း တည်ရှိနေကြမည်ဖြစ်ပါသည်။ တောတွင်းသို့ ကားလမ်းများဖောက်လုပ်ပြီး လူအဝင်အထွက်များလာသည်နှင့်အမျှ သဘာဝအပင်များကို လူများကစုဆောင်းခုတ်ယူခြင်း၊ တောရိုင်းတိရစ္ဆာန်များကိုပစ်ခတ်ဖမ်းဆီးခြင်း၊ တောရိုင်းတိရစ္ဆာန်များအနေဖြင့်လည်း လူရောက်ရှိလာပါက လူနှင့်ဝေးရာနေရာသို့ ရွှေ့ပြောင်းသွားရခြင်း စသောဆိုးကျိုးတရားများဖြစ်ပေါ်လာမည်ဖြစ်ပါသည်။တောရိုင်းတိရစ္ဆာန်နှင့် အပင်များကိုကာကွယ်ရန်ကာကွယ်တောနှင့် ဘေးမဲ့တောများကိုသတ်မှတ်ပြီး ဥပဒေအရထိရောက်စွာကာကွယ်ပေးခြင်းဖြင့်လူတို့၏နှောင့်ယှက်ဖျက်စီးမှုကင်းဝေးသွားပါက သဘာဝဝန်းကျင်ကို အလိုလိုထိန်းသိမ်းပြီးဖြစ်ပါသည်။တောရိုင်းတိရိစ္ဆာန်အနေဖြင့်သဘာဝအပင်များကိုထိန်းသိမ်းခြင်းသည် သဘာဝဝန်းကျင်နှင့်အပြန်အလှန်အကျိုး ကျေးဇူးပြုနေခြင်းသာဖြစ်ပါသည်။

၉.၁၀.၅ သဘာဝဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုကိုအကဲဖြတ်ခြင်း

သစ်တောများမှ ထာဝစဉ်တောထွက်ရရှိရေးသည် အခြေခံကျသည့်ရည်မှန်းချက်တစ်ရပ်ဖြစ်ပါသည်။အဆိုပါရည်မှန်းချက်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန်ဂေဟဗေဒဆိုင်ရာဖြစ်စဉ်များနှင့် သဟဇာတဖြစ်ပြီးလူအဖွဲ့အစည်းများအပေါ်သစ်တောများမှအကျိုးပြုမှုများ (သဘာဝဝန်းကျင်ကာကွယ်ခြင်း၊ ဓလေ့ထုံးတမ်းအစဉ်အလာအရမြေအသုံးချပိုင်ခွင့်နှင့်ထုတ်ယူသုံးစွဲခြင်း၊ အနားယူအပန်းဖြေခြင်း) အစရှိ

သည်တို့ကိုအကာအကွယ်ပေးသည့်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု နည်းစနစ်တစ်ခုခု ဖြင့်အုပ်ချုပ်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ လက်ရှိကျင့်သုံးနေသည့် သစ်တောအုပ် ချုပ်လုပ်ကိုင်မှုနည်းစနစ်သည်ယခုအချိန်ထိကျင့်သုံးလိုက်နာရန်သင့်တော်ကောင်းမွန် နေသဖြင့် ဤစနစ်အတိုင်းဆက်လက်ကျင့်သုံး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့သော်ယခုကျင့်သုံးနေသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှု နည်းစနစ်သည်သဘာဝ နှင့်လူမှုစီးပွားရေးဆိုင်ရာပတ်ဝန်းကျင်တို့အပေါ် အုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်းများ အပေါ်အကျိုးသက်ရောက်မှုကို အကဲဖြတ်လေ့လာဆန်းစစ်နေရန်လိုအပ်ပြီး ဖြစ်ပေါ် လာမည့်အခြေအနေနှင့်လိုက်လျောညီထွေရှိမည့် အုပ်ချုပ်မှုစနစ်များကို ပြဋ္ဌာန်းလုပ် ကိုင်သွားရမည်ဖြစ်ပါသည်။

၉.၁၁ အခြေခံအဆောက်အဦ

၉.၁၁.၁ အဆောက်အအုံ၊ လမ်းနှင့်တံတားများ

စီမံကိန်းကာလအတွင်း တည်ဆောက်မည့် ရုံးများ၊ အိမ်များ၊ ဧည့်ရိပ်သာများကို ဇယား (၉.၁၁.၁)က ဖြင့်လည်းကောင်း၊ ပြုပြင်ထိန်းသိမ်းမည့် အဆောက်အအုံများကို (၉.၁၁.၁)ခ ဖြင့် လည်းကောင်းဖော်ပြထားပါသည်။

၉.၁၁.၂ ဆက်သွယ်ရေး

စီမံကိန်းကာလအတွင်း တယ်လီဖုန်းမရှိသေးသည့် အောက်ဖော်ပြပါမြို့နယ်တွင် တယ်လီဖုန်းတပ်ဆင်ခြင်းလုပ်ငန်းကို အောက်ပါဇယား(၉.၁၁.၂)အတိုင်း ဆောင်ရွက် ရန်အစီအစဉ်ရှိပါသည်။

ဇယား (၉.၁၁.၂)

မြို့နယ်	တယ်လီဖုန်းတပ်ဆင်မည့်နေရာ		မှတ်ချက်
	နေရာ	ခုနှစ်	
(၁)	(၂)	(၃)	(၄)
အမ်း	ဦးစီးအရာရှိရုံး	၂၀၁၆	အော်တိုတယ်လီဖုန်းတပ်ဆင်မည်။

ဇစ်မြစ် - ကျောက်ဖြူခရိုင်၊ သစ်တောဦးစီးဌာန။

၉.၁၁.၃ စက်နှင့်စက်ကိရိယာများ

စီမံကိန်းကာလအတွင်း ယာဉ်၊ ယန္တရားများ၊ စက်ပစ္စည်းကိရိယာများ လိုအပ်ချက်ကို ဇယား (၉.၁၁.၃)တွင် ဖော်ပြထားပါသည်။

ကျောက်ဖြူခရိုင်အတွင်းစီမံကိန်းကာလအတွင်းယာဉ်/ယန္တရားများ/စက်ကိရိယာများစာရင်း

ဇယား(၉.၁၁.၃)

မြို့နယ်	ယာဉ်/ယန္တရား/ စက်ကိရိယာအမည်	ဦးရေ	အသုံးပြုမည့်လုပ်ငန်း	လိုအပ်သည့်ခုနှစ်
(၁)	(၂)	(၃)	(၄)	(၅)
အမ်း	ကား	၁	ရုံး/စိုက်ခင်းလုပ်ငန်း	၂၀၁၆-၁၇
အမ်း	မီးစက်	၁	ရုံးလုပ်ငန်း	၂၀၁၆-၁၇
ရမ်းဗြဲ	ရေယာဉ်	၁	သစ်တောထိန်းသိမ်းရေး	၂၀၁၆-၁၇
ကျောက်ဖြူ	ရေယာဉ်	၁	သစ်တောထိန်းသိမ်းရေး	၂၀၁၆-၁၇

ဇစ်မြစ် - ကျောက်ဖြူခရိုင်၊သစ်တောဦးစီးဌာန။

၉.၁၂ ဝန်ထမ်းအင်အားနှင့်ဘတ်ဂျက်

၉.၁၂.၁ ဝန်ထမ်းအင်အား

ဝန်ထမ်းအင်အားကိုဖွဲ့စည်းပုံအရအပြည့်အဝခန့်ထားပေးသင့်ပါသည်။ တောအုပ်ကြီးနှင့်တောအုပ်နေရာများတွင် ဦးစားပေးဖြည့်ဆည်းပေးသင့်ပါသည်။ ကျောက်ဖြူခရိုင်တွင်သစ်တောလုပ်ငန်းများအတွက် လက်ထောက်ညွှန်ကြားရေးမှူးရုံးဖွင့်လှစ်၍ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးမှစီမံခန့်ခွဲရပါသည်။ ခရိုင်အင်အားနှင့် မလုံလောက်ပါကပြည်နယ်မှူးသို့တင်ပြရပါမည်။ ပြည်နယ်မှူးမှ ပြည်နယ်ဝန်ထမ်းအင်အားဖြင့် စီမံခန့်ခွဲရပါမည်။ ပြည်နယ်ဝန်ထမ်းအင်အားဖြင့် မလုံလောက်ပါက ဦးစီးရုံးချုပ်သို့ တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီမံကိန်းကာလအတွင်းလုပ်ငန်းအလိုက် လုပ်သားအင်အားလိုအပ်ချက်ကို မြို့နယ်အလိုက်ဇယား(၉.၁၂.၁) ဖော်ပြအပ် ပါသည်။

ကျောက်ဖြူခရိုင်အတွင်းသစ်တောလုပ်ငန်းအလိုက် လိုအပ်သောလုပ်သားစာရင်း

၂၀၁၆-၂၀၁၇ ခုနှစ် ဧယား(၉.၁၂.၁)

စဉ်	လုပ်ငန်းအမျိုးအစား	လိုအပ်သောလုပ်သားအင်အား			မှတ်ချက်
		ကျောက်ဖြူ	ရမ်းပြဲ	အမ်း	
(၁)	(၂)	(၃)	(၄)	(၅)	(၆)
၁	သစ်မာပင်ထောင်ရိုက်ခြင်း	-	-	-	-
၂	ပဂတ္တိမျိုးဆက်ခြင်း	၅၀	၂၀၀	၁၀၀	၂ဧက/၁ဦးနှုန်း
၃	ဓမ္မတာမျိုးဆက်ခြင်း	-	၁၀၀	၅၀	၂ဧက/၁ဦးနှုန်း
၄	ပေါင်းသင်ရှင်းလင်းခြင်း	၁၀၀	၁၀၀၀	၂၀၀	၁ဧက/၁ဦးနှုန်း
၅	ပင်ကျပ်နှုတ်ခြင်း	-	-	၄၅၀	-
၆	သစ်တောလမ်းပြင်ခြင်း	-	-	-	၁မိုင်/၆ဦးနှုန်း
၇	ကြိုးဝိုင်းနယ်နိမိတ်ပြင်ခြင်း	-	၆	-	၁မိုင်/၈ဦးနှုန်း
၈	အကွက်နယ်နိမိတ်ပြင်ခြင်း	၂	၆	၂	-
၉	မီးကာကွယ်ခြင်း	၅၀	-	၁၀၀	၁မိုင်/၈ဦးနှုန်း
	စုစုပေါင်း	**၂၀၂**	**၁၃၁၂**	**၉၀၂**	

ဇယ်မြစ် - ကျောက်ဖြူခရိုင်၊ သစ်တောဦးစီးဌာန။

ကျောက်ဖြူခရိုင်အတွင်းသစ်တောလုပ်ငန်းအလိုက် လိုအပ်သောလုပ်သားစာရင်း

၂၀၁၇-၂၀၁၈ ခုနှစ် ဧယား(၉.၁၂.၁)

စဉ်	လုပ်ငန်းအမျိုးအစား	လိုအပ်သောလုပ်သားအင်အား			မှတ်ချက်
		ကျောက်ဖြူ	ရမ်းပြဲ	အမ်း	
(၁)	(၂)	(၃)	(၄)	(၅)	(၆)
၁	သစ်မာပင်ထောင်ရိုက်ခြင်း	-	-	-	-
၂	ပဂတ္တိမျိုးဆက်ခြင်း	၅၀	၂၀၀	၁၀၀	၂ဧက/၁ဦးနှုန်း
၃	ဓမ္မတာမျိုးဆက်ခြင်း	-	၁၀၀	၅၀	၂ဧက/၁ဦးနှုန်း
၄	ပေါင်းသင်ရှင်းလင်းခြင်း	၂၀၀	၁၀၀၀	၄၀၀	၁ဧက/၁ဦးနှုန်း
၅	ပင်ကျပ်နှုတ်ခြင်း	-	-	၆၅၀	-
၆	သစ်တောလမ်းပြင်ခြင်း	-	-	-	၁မိုင်/၆ဦးနှုန်း
၇	ကြိုးဝိုင်းနယ်နိမိတ်ပြင်ခြင်း	-	၆	-	၁မိုင်/၈ဦးနှုန်း
၈	အကွက်နယ်နိမိတ်ပြင်ခြင်း	၂	၆	၂	-
၉	မီးကာကွယ်ခြင်း	၁၀၀	-	၂၀၀	၁မိုင်/၈ဦးနှုန်း
	စုစုပေါင်း	**၃၅၂**	**၁၄၁၂**	**၁၄၀၂**	

ဇယ်မြစ် - ကျောက်ဖြူခရိုင်၊ သစ်တောဦးစီးဌာန။

ကျောက်ဖြူခရိုင်အတွင်းသစ်တောလုပ်ငန်းအလိုက် လိုအပ်သောလုပ်သားစာရင်း

၂၀၁၈-၂၀၁၉ ခုနှစ် ဧယား(၉.၁၂.၁)

စဉ်	လုပ်ငန်းအမျိုးအစား	လိုအပ်သောလုပ်သားအင်အား			မှတ်ချက်
		ကျောက်ဖြူ	ရမ်းပြဲ	အမ်း	
(၁)	(၂)	(၃)	(၄)	(၅)	(၆)
၁	သစ်မာပင်ထောင်ရိုက်ခြင်း	-	-	-	-
၂	ပဂတ္တိမျိုးဆက်ခြင်း	၅၀	၂၀၀	၁၀၀	၂ဧက/၁ဦးနှုန်း
၃	ဓမ္မတာမျိုးဆက်ခြင်း	-	၁၀၀	၅၀	၂ဧက/၁ဦးနှုန်း
၄	ပေါင်းသင်ရှင်းလင်းခြင်း	၂၅၀	၁၀၀၀	၅၀၀	၁ဧက/၁ဦးနှုန်း
၅	ပင်ကျပ်နှုတ်ခြင်း	-	-	၄၀၀	-
၆	သစ်တောလမ်းပြင်ခြင်း	-	-	-	၁မိုင်/၆ဦးနှုန်း
၇	ကြိုးဝိုင်းနယ်နိမိတ်ပြင်ခြင်း	-	၆	-	၁မိုင်/၈ဦးနှုန်း
၈	အကွက်နယ်နိမိတ်ပြင်ခြင်း	၂	၆	၂	-
၉	မီးကာကွယ်ခြင်း	၁၅၀	-	၃၀၀	၁မိုင်/၈ဦးနှုန်း
	စုစုပေါင်း	**၄၅၂**	**၁၃၁၂**	**၁၃၅၂**	

ဇစ်မြစ် - ကျောက်ဖြူခရိုင်၊ သစ်တောဦးစီးဌာန။

ကျောက်ဖြူခရိုင်အတွင်းသစ်တောလုပ်ငန်းအလိုက် လိုအပ်သောလုပ်သားစာရင်း

၂၀၁၉-၂၀၂၀ ခုနှစ် ဧယား(၉.၁၂.၁)

စဉ်	လုပ်ငန်းအမျိုးအစား	လိုအပ်သောလုပ်သားအင်အား			မှတ်ချက်
		ကျောက်ဖြူ	ရမ်းပြဲ	အမ်း	
(၁)	(၂)	(၃)	(၄)	(၅)	(၆)
၁	သစ်မာပင်ထောင်ရိုက်ခြင်း	-	-	-	-
၂	ပဂတ္တိမျိုးဆက်ခြင်း	၅၀	၂၀၀	၁၀၀	၂ဧက/၁ဦးနှုန်း
၃	ဓမ္မတာမျိုးဆက်ခြင်း	-	၁၀၀	၅၀	၂ဧက/၁ဦးနှုန်း
၄	ပေါင်းသင်ရှင်းလင်းခြင်း	၂၅၀	၁၀၀၀	၅၀၀	၁ဧက/၁ဦးနှုန်း
၅	ပင်ကျပ်နှုတ်ခြင်း	-	-	၂၀၀	-
၆	သစ်တောလမ်းပြင်ခြင်း	-	-	-	၁မိုင်/၆ဦးနှုန်း
၇	ကြိုးဝိုင်းနယ်နိမိတ်ပြင်ခြင်း	-	၆	-	၁မိုင်/၈ဦးနှုန်း
၈	အကွက်နယ်နိမိတ်ပြင်ခြင်း	၂	၆	၂	-
၉	မီးကာကွယ်ခြင်း	၂၀၀	-	၄၀၀	၁မိုင်/၈ဦးနှုန်း
	စုစုပေါင်း	**၅၀၂**	**၁၃၁၂**	**၁၂၅၂**	

ဇစ်မြစ် - ကျောက်ဖြူခရိုင်၊ သစ်တောဦးစီးဌာန။

ကျောက်ဖြူခရိုင်အတွင်းသစ်တောလုပ်ငန်းအလိုက် လိုအပ်သောလုပ်သားစာရင်း

၂၀၂၁-၂၀၂၂ ခုနှစ် ဧယား(၉.၁၂.၁)

စဉ်	လုပ်ငန်းအမျိုးအစား	လိုအပ်သောလုပ်သားအင်အား			မှတ်ချက်
		ကျောက်ဖြူ	ရမ်းငြဲ	အမ်း	
(၁)	(၂)	(၃)	(၄)	(၅)	(၆)
၁	သစ်မာပင်ထောင်ရိုက်ခြင်း	-	-	-	-
၂	ပဂတ္တိမျိုးဆက်ခြင်း	၅၀	၂၀၀	၁၀၀	၂ဧက/၁ဦးနှုန်း
၃	ဓမ္မတာမျိုးဆက်ခြင်း	-	၁၀၀	၅၀	၂ဧက/၁ဦးနှုန်း
၄	ပေါင်းသင်ရှင်းလင်းခြင်း	၂၅၀	၁၀၀၀	၅၀၀	၁ဧက/၁ဦးနှုန်း
၅	ပင်ကျပ်နှုတ်ခြင်း	-	-	-	-
၆	သစ်တောလမ်းပြင်ခြင်း	-	-	-	၁မိုင်/၆ဦးနှုန်း
၇	ကြိုးဝိုင်းနယ်နိမိတ်ပြင်ခြင်း	-	၆	-	၁မိုင်/၈ဦးနှုန်း
၈	အကွက်နယ်နိမိတ်ပြင်ခြင်း	၂	၆	၂	-
၉	မီးကာကွယ်ခြင်း	၂၅၀	-	၅၀၀	၁မိုင်/၈ဦးနှုန်း
	စုစုပေါင်း	**၅၅၂**	**၁၃၁၂**	**၁၁၅၂**	

ဧစ်မြစ် - ကျောက်ဖြူခရိုင်၊ သစ်တောဦးစီးဌာန။

ကျောက်ဖြူခရိုင်အတွင်းသစ်တောလုပ်ငန်းအလိုက် လိုအပ်သောလုပ်သားစာရင်း

၂၀၂၂-၂၀၂၃ ခုနှစ် ဧယား(၉.၁၂.၁)

စဉ်	လုပ်ငန်းအမျိုးအစား	လိုအပ်သောလုပ်သားအင်အား			မှတ်ချက်
		ကျောက်ဖြူ	ရမ်းငြဲ	အမ်း	
(၁)	(၂)	(၃)	(၄)	(၅)	(၆)
၁	သစ်မာပင်ထောင်ရိုက်ခြင်း	-	-	-	-
၂	ပဂတ္တိမျိုးဆက်ခြင်း	၅၀	၂၀၀	၁၀၀	၂ဧက/၁ဦးနှုန်း
၃	ဓမ္မတာမျိုးဆက်ခြင်း	-	၁၀၀	၅၀	၂ဧက/၁ဦးနှုန်း
၄	ပေါင်းသင်ရှင်းလင်းခြင်း	၂၅၀	၁၀၀၀	၅၀၀	၁ဧက/၁ဦးနှုန်း
၅	ပင်ကျပ်နှုတ်ခြင်း	-	-	-	-
၆	သစ်တောလမ်းပြင်ခြင်း	-	-	-	၁မိုင်/၆ဦးနှုန်း
၇	ကြိုးဝိုင်းနယ်နိမိတ်ပြင်ခြင်း	-	၆	-	၁မိုင်/၈ဦးနှုန်း
၈	အကွက်နယ်နိမိတ်ပြင်ခြင်း	၂	၆	၂	-
၉	မီးကာကွယ်ခြင်း	၂၅၀	-	၅၀၀	၁မိုင်/၈ဦးနှုန်း
	စုစုပေါင်း	**၅၅၂**	**၁၃၁၂**	**၁၁၅၂**	

ဧစ်မြစ် - ကျောက်ဖြူခရိုင်၊ သစ်တောဦးစီးဌာန။

ကျောက်ဖြူခရိုင်အတွင်းသစ်တောလုပ်ငန်းအလိုက် လိုအပ်သောလုပ်သားစာရင်း

၂၀၂၃-၂၀၂၄ ခုနှစ် ဧယား(၉.၁၂.၁)

စဉ်	လုပ်ငန်းအမျိုးအစား	လိုအပ်သောလုပ်သားအင်အား			မှတ်ချက်
		ကျောက်ဖြူ	ရမ်းငြဲ	အမ်း	
(၁)	(၂)	(၃)	(၄)	(၅)	(၆)
၁	သစ်မာပင်ထောင်ရိုက်ခြင်း	-	-	-	-
၂	ပဂတ္တိမျိုးဆက်ခြင်း	၅၀	၂၀၀	၁၀၀	၂ဧက/၁ဦးနှုန်း
၃	ဓမ္မတာမျိုးဆက်ခြင်း	-	၁၀၀	၅၀	၂ဧက/၁ဦးနှုန်း
၄	ပေါင်းသင်ရှင်းလင်းခြင်း	၂၅၀	၁၀၀၀	၅၀၀	၁ဧက/၁ဦးနှုန်း
၅	ပင်ကျပ်နှုတ်ခြင်း	-	-	-	-
၆	သစ်တောလမ်းပြင်ခြင်း	-	-	-	၁မိုင်/၆ဦးနှုန်း
၇	ကြိုးဝိုင်းနယ်နိမိတ်ပြင်ခြင်း	-	၆	-	၁မိုင်/၈ဦးနှုန်း
၈	အကွက်နယ်နိမိတ်ပြင်ခြင်း	၂	၆	၂	-
၉	မီးကာကွယ်ခြင်း	၂၅၀	-	၅၀၀	၁မိုင်/၈ဦးနှုန်း
	စုစုပေါင်း	**၅၅၂**	**၁၃၁၂**	**၁၁၅၂**	

ဧစ်မြစ် - ကျောက်ဖြူခရိုင်၊ သစ်တောဦးစီးဌာန။

ကျောက်ဖြူခရိုင်အတွင်းသစ်တောလုပ်ငန်းအလိုက် လိုအပ်သောလုပ်သားစာရင်း

၂၀၂၄-၂၀၂၅ ခုနှစ် ဧယား(၉.၁၂.၁)

စဉ်	လုပ်ငန်းအမျိုးအစား	လိုအပ်သောလုပ်သားအင်အား			မှတ်ချက်
		ကျောက်ဖြူ	ရမ်းငြဲ	အမ်း	
(၁)	(၂)	(၃)	(၄)	(၅)	(၆)
၁	သစ်မာပင်ထောင်ရိုက်ခြင်း	-	-	-	-
၂	ပဂတ္တိမျိုးဆက်ခြင်း	၅၀	၂၀၀	၁၀၀	၂ဧက/၁ဦးနှုန်း
၃	ဓမ္မတာမျိုးဆက်ခြင်း	-	၁၀၀	၅၀	၂ဧက/၁ဦးနှုန်း
၄	ပေါင်းသင်ရှင်းလင်းခြင်း	၂၅၀	၁၀၀၀	၅၀၀	၁ဧက/၁ဦးနှုန်း
၅	ပင်ကျပ်နှုတ်ခြင်း	-	-	-	-
၆	သစ်တောလမ်းပြင်ခြင်း	-	-	-	၁မိုင်/၆ဦးနှုန်း
၇	ကြိုးဝိုင်းနယ်နိမိတ်ပြင်ခြင်း	-	၆	-	၁မိုင်/၈ဦးနှုန်း
၈	အကွက်နယ်နိမိတ်ပြင်ခြင်း	၂	၆	၂	-
၉	မီးကာကွယ်ခြင်း	၂၅၀	-	၅၀၀	၁မိုင်/၈ဦးနှုန်း
	စုစုပေါင်း	**၅၅၂**	**၁၃၁၂**	**၁၁၅၂**	

ဧစ်မြစ် - ကျောက်ဖြူခရိုင်၊ သစ်တောဦးစီးဌာန။

ကျောက်ဖြူခရိုင်အတွင်းသစ်တောလုပ်ငန်းအလိုက် လိုအပ်သောလုပ်သားစာရင်း

၂၀၂၅-၂၀၂၆ ခုနှစ် ဧယား(၉.၁၂.၁)

စဉ်	လုပ်ငန်းအမျိုးအစား	လိုအပ်သောလုပ်သားအင်အား			မှတ်ချက်
		ကျောက်ဖြူ	ရမ်းတြဲ	အမ်း	
(၁)	(၂)	(၃)	(၄)	(၅)	(၆)
၁	သစ်မာပင်ထောင်ရိုက်ခြင်း	-	-	-	-
၂	ပဂတ္တိမျိုးဆက်ခြင်း	၅၀	၂၀၀	၁၀၀	၂ဧက/၁ဦးနှုန်း
၃	ဓမ္မတာမျိုးဆက်ခြင်း	-	၁၀၀	၅၀	၂ဧက/၁ဦးနှုန်း
၄	ပေါင်းသင်ရှင်းလင်းခြင်း	၂၅၀	၁၀၀၀	၅၀၀	၁ဧက/၁ဦးနှုန်း
၅	ပင်ကျပ်နှုတ်ခြင်း	-	-	-	-
၆	သစ်တောလမ်းပြင်ခြင်း	-	-	-	၁မိုင်/၆ဦးနှုန်း
၇	ကြိုးဝိုင်းနယ်နိမိတ်ပြင်ခြင်း	-	၆	-	၁မိုင်/၈ဦးနှုန်း
၈	အကွက်နယ်နိမိတ်ပြင်ခြင်း	၂	၆	၂	-
၉	မီးကာကွယ်ခြင်း	၂၅၀	-	၅၀၀	၁မိုင်/၈ဦးနှုန်း
	စုစုပေါင်း	**၅၅၂**	**၁၃၁၂**	**၁၁၅၂**	

ဧစ်မြစ် - ကျောက်ဖြူခရိုင်၊ သစ်တောဦးစီးဌာန။

၉.၁၂.၂ ဘတ်ဂျက်

စီမံကိန်းကာလအတွင်း သစ်တောလုပ်ငန်းအမျိုးအစားအလိုက် သာမန်အသုံးစရိတ် လိုအပ်ချက်ကို ဧယား(၉.၁၂.၂)က ဖြင့်လည်းကောင်း၊ ငွေလုံးငွေရင်း အသုံးစရိတ် လိုအပ်ချက်ကို ဧယား(၉.၁၂.၂)ခ တွင် ဖော်ပြထားပါသည်။

အသုံးစရိတ်များကိုတွက်ချက်ဖော်ပြရာတွင် စီမံကိန်းကာလအတွင်း ပထမ(၅)နှစ် အတွက်သာတွက်ချက်ဖော်ပြထားပါသည်။

စီမံကိန်းကာလအတွင်း ကျောက်ဖြူခရိုင်တွင် သစ်တောလုပ်ငန်းအမျိုးအစားအလိုက် ဘတ်ဂျက်လိုအပ်မှု

(သာမန်အသုံးစရိတ်)

ယေား (၉-၁၂-၂)က

ခုနှစ်	လုပ်ငန်းအမျိုးအမည်	ပမာဏ	ခွင့်ပြုနှုန်း(ကျပ်)	လိုအပ်သည့်ရံပုံငွေ(ကျပ်)	မှတ်ချက်
(၁)	(၂)	(၃)	(၄)	(၅)	(၆)
၂၀၁၆-၁၇	သစ်မာပင်ထောင်တံဆိပ်ရိုက်ခြင်း	-	-	-	
	ဓမ္မတာမျိုးဆက်ခြင်း	၁၅၀ ဧက	၁၆၉၁၀	၂၇၄၈၃၀၀	
	ပေါင်းသင်ရှင်းလင်းခြင်း(ထင်း)	၁၃၀၀	၉၀၀၀	၁၁၇၀၀၀၀၀	
	ပေါင်းသင်ရှင်းလင်းခြင်း(ကျွန်း)	-	-	-	
	ပင်ကျပ်နှုတ်ခြင်း	၄၅၀	၁၀၀၀၀	၄၅၀၀၀၀၀	
	သစ်တောလမ်းပြင်ဆင်ခြင်း	-	-	-	
	ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း	၆ မိုင်	၁၈၀၀၀	၁၀၈၀၀၀	
	အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း	၁၀ မိုင်	၁၈၀၀၀	၁၈၀၀၀၀	
	မီးကာကွယ်ခြင်း	၁၅၀ ဧက	၃၀၀၀	၄၅၀၀၀၀	
	သဘာဝတောထိန်းသိမ်းခြင်း	-	-	-	
	သဘာဝတောတန်ဘိုးမြင့်စိုက်ပျိုးခြင်း	၁၅၀ ဧက	-	-	
	ပေါင်း			**၁၉၆၈၆၃၀၀**	
၂၀၁၇-၁၈	သစ်မာပင်ထောင်တံဆိပ်ရိုက်ခြင်း	-	-	-	
	ဓမ္မတာမျိုးဆက်ခြင်း	၁၅၀ ဧက	၁၆၉၁၀	၂၇၄၈၃၀၀	
	ပေါင်းသင်ရှင်းလင်းခြင်း(ထင်း)	၁၆၀၀	၉၀၀၀	၁၄၄၀၀၀၀၀	
	ပေါင်းသင်ရှင်းလင်းခြင်း(ကျွန်း)	-	-	-	
	ပင်ကျပ်နှုတ်ခြင်း	၆၅၀	၁၀၀၀၀	၆၅၀၀၀၀၀	
	သစ်တောလမ်းပြင်ဆင်ခြင်း	-	-	-	
	ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း	၆ မိုင်	၁၈၀၀၀	၁၀၈၀၀၀	
	အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း	၁၀ မိုင်	၁၈၀၀၀	၁၈၀၀၀၀	
	မီးကာကွယ်ခြင်း	၂၀၀ ဧက	၃၀၀၀	၉၀၀၀၀၀	
	သဘာဝတောထိန်းသိမ်းခြင်း	-	-	-	
	သဘာဝတောတန်ဘိုးမြင့်စိုက်ပျိုးခြင်း	၁၅၀ ဧက	-	-	
	ပေါင်း			**၂၄၈၃၆၃၀၀**	
၂၀၁၈-၁၉	သစ်မာပင်ထောင်တံဆိပ်ရိုက်ခြင်း	-	-	-	
	ဓမ္မတာမျိုးဆက်ခြင်း	၁၅၀ ဧက	၁၆၉၁၀	၂၇၄၈၃၀၀	
	ပေါင်းသင်ရှင်းလင်းခြင်း(ထင်း)	၁၇၅၀	၉၀၀၀	၁၅၇၅၀၀၀၀	
	ပေါင်းသင်ရှင်းလင်းခြင်း(ကျွန်း)	-	-	-	
	ပင်ကျပ်နှုတ်ခြင်း	၄၀၀	၁၀၀၀၀	၄၀၀၀၀၀၀	
	သစ်တောလမ်းပြင်ဆင်ခြင်း	-	-	-	
	ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း	၆ မိုင်	၁၈၀၀၀	၁၀၈၀၀၀	
	အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း	၁၀ မိုင်	၁၈၀၀၀	၁၈၀၀၀၀	
	မီးကာကွယ်ခြင်း	၅၀၀ ဧက	၃၀၀၀	၁၅၀၀၀၀၀	
	သဘာဝတောထိန်းသိမ်းခြင်း	-	-	-	
	သဘာဝတောတန်ဘိုးမြင့်စိုက်ပျိုးခြင်း	၁၅၀ ဧက	-	-	
	ပေါင်း			**၂၄၂၈၆၃၀၀**	

၂၀၁၉-၂၀	သစ်မာပင်ထောင်တံဆိပ်ရိုက်ခြင်း	-	-	-	
	ဓမ္မတာမျိုးဆက်ခြင်း	၁၅၀ ဧက	၁၆၉၁၀	၂၇၄၈၃၀၀	
	ပေါင်းသင်ရှင်းလင်းခြင်း(ထင်း)	၁၇၅၀	၉၀၀၀	၁၅၇၅၀၀၀၀	
	ပေါင်းသင်ရှင်းလင်းခြင်း(ကျွန်း)	-	-	-	
	ပင်ကျပ်နှုတ်ခြင်း	၂၀၀	၁၀၀၀၀	၂၀၀၀၀၀၀	
	သစ်တောလမ်းပြင်ဆင်ခြင်း	-	-	-	
	ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း	၆ မိုင်	၁၈၀၀၀	၁၀၈၀၀၀	
	အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း	၁၀ မိုင်	၁၈၀၀၀	၁၈၀၀၀၀	
	မီးကာကွယ်ခြင်း	၆၀၀ ဧက	၃၀၀၀	၁၈၀၀၀၀၀	
	သဘာဝတောထိန်းသိမ်းခြင်း	-	-	-	
	သဘာဝတောတန်ဘိုးမြှင့်စိုက်ပျိုးခြင်း	၁၅၀ ဧက	-	-	
	ပေါင်း			**၂၂၅၈၆၃၀၀**	
၂၀၂၀-၂၁	သစ်မာပင်ထောင်တံဆိပ်ရိုက်ခြင်း	-	-	-	
	ဓမ္မတာမျိုးဆက်ခြင်း	၁၅၀ ဧက	၁၆၉၁၀	၂၇၄၈၃၀၀	
	ပေါင်းသင်ရှင်းလင်းခြင်း(ထင်း)	၁၇၅၀	၉၀၀၀	၁၅၇၅၀၀၀၀	
	ပေါင်းသင်ရှင်းလင်းခြင်း(ကျွန်း)	-	-	-	
	ပင်ကျပ်နှုတ်ခြင်း	-	-	-	
	သစ်တောလမ်းပြင်ဆင်ခြင်း	-	-	-	
	ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း	၆ မိုင်	၁၈၀၀၀	၁၀၈၀၀၀	
	အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း	၁၀ မိုင်	၁၈၀၀၀	၁၈၀၀၀၀	
	မီးကာကွယ်ခြင်း	၇၅၀ ဧက	၃၀၀၀	၂၂၅၀၀၀၀	
	သဘာဝတောထိန်းသိမ်းခြင်း	-	-	-	
	သဘာဝတောတန်ဘိုးမြှင့်စိုက်ပျိုးခြင်း	၁၅၀ ဧက	-	-	
	ပေါင်း			**၂၁၀၃၆၃၀၀**	
၂၀၂၁-၂၂	သစ်မာပင်ထောင်တံဆိပ်ရိုက်ခြင်း	-	-	-	
	ဓမ္မတာမျိုးဆက်ခြင်း	၁၅၀ ဧက	၁၆၉၁၀	၂၇၄၈၃၀၀	
	ပေါင်းသင်ရှင်းလင်းခြင်း(ထင်း)	၁၇၅၀	၉၀၀၀	၁၅၇၅၀၀၀၀	
	ပေါင်းသင်ရှင်းလင်းခြင်း(ကျွန်း)	-	-	-	
	ပင်ကျပ်နှုတ်ခြင်း	၄၀၀	၁၀၀၀၀	၄၀၀၀၀၀၀	
	သစ်တောလမ်းပြင်ဆင်ခြင်း	-	-	-	
	ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း	၆ မိုင်	၁၈၀၀၀	၁၀၈၀၀၀	
	အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း	၁၀ မိုင်	၁၈၀၀၀	၁၈၀၀၀၀	
	မီးကာကွယ်ခြင်း	၅၀၀ ဧက	၃၀၀၀	၁၅၀၀၀၀၀	
	သဘာဝတောထိန်းသိမ်းခြင်း	-	-	-	
	သဘာဝတောတန်ဘိုးမြှင့်စိုက်ပျိုးခြင်း	၁၅၀ ဧက	-	-	
	ပေါင်း			**၂၄၂၈၆၃၀၀**	
၂၀၂၂-၂၃	သစ်မာပင်ထောင်တံဆိပ်ရိုက်ခြင်း	-	-	-	
	ဓမ္မတာမျိုးဆက်ခြင်း	၁၅၀ ဧက	၁၆၉၁၀	၂၇၄၈၃၀၀	
	ပေါင်းသင်ရှင်းလင်းခြင်း(ထင်း)	၁၇၅၀	၉၀၀၀	၁၅၇၅၀၀၀၀	
	ပေါင်းသင်ရှင်းလင်းခြင်း(ကျွန်း)	-	-	-	
	ပင်ကျပ်နှုတ်ခြင်း	၄၀၀	၁၀၀၀၀	၄၀၀၀၀၀၀	
	သစ်တောလမ်းပြင်ဆင်ခြင်း	-	-	-	
	ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း	၆ မိုင်	၁၈၀၀၀	၁၀၈၀၀၀	
	အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း	၁၀ မိုင်	၁၈၀၀၀	၁၈၀၀၀၀	
	မီးကာကွယ်ခြင်း	၅၀၀ ဧက	၃၀၀၀	၁၅၀၀၀၀၀	
	သဘာဝတောထိန်းသိမ်းခြင်း	-	-	-	
	သဘာဝတောတန်ဘိုးမြှင့်စိုက်ပျိုးခြင်း	၁၅၀ ဧက	-	-	
	ပေါင်း			**၂၄၂၈၆၃၀၀**	

၂၀၂၃-၂၄	သစ်မာပင်ထောင်တံဆိပ်ရိုက်ခြင်း	-	-	-	
	ဓမ္မတာမျိုးဆက်ခြင်း	၁၅၀ ဧက	၁၆၉၁၀	၂၇၄၈၃၀၀	
	ပေါင်းသင်ရှင်းလင်းခြင်း(ထင်း)	၁၇၅၀	၉၀၀၀	၁၅၇၅၀၀၀၀	
	ပေါင်းသင်ရှင်းလင်းခြင်း(ကျွန်း)	-	-	-	
	ပင်ကျပ်နှုတ်ခြင်း	၄၀၀	၁၀၀၀၀	၄၀၀၀၀၀၀	
	သစ်တောလမ်းပြင်ဆင်ခြင်း	-	-	-	
	ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း	၆ မိုင်	၁၈၀၀၀	၁၀၈၀၀၀	
	အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း	၁၀ မိုင်	၁၈၀၀၀	၁၈၀၀၀၀	
	မီးကာကွယ်ခြင်း	၅၀၀ ဧက	၃၀၀၀	၁၅၀၀၀၀၀	
	သဘာဝတောထိန်းသိမ်းခြင်း	-	-	-	
	သဘာဝတောတန်ဘိုးမြင့်စိုက်ပျိုးခြင်း	၁၅၀ ဧက	-	-	
	ပေါင်း			**၂၄၂၈၆၃၀၀**	
၂၀၂၄.၂၅	သစ်မာပင်ထောင်တံဆိပ်ရိုက်ခြင်း	-	-	-	
	ဓမ္မတာမျိုးဆက်ခြင်း	၁၅၀ ဧက	၁၆၉၁၀	၂၇၄၈၃၀၀	
	ပေါင်းသင်ရှင်းလင်းခြင်း(ထင်း)	၁၇၅၀	၉၀၀၀	၁၅၇၅၀၀၀၀	
	ပေါင်းသင်ရှင်းလင်းခြင်း(ကျွန်း)	-	-	-	
	ပင်ကျပ်နှုတ်ခြင်း	၄၀၀	၁၀၀၀၀	၄၀၀၀၀၀၀	
	သစ်တောလမ်းပြင်ဆင်ခြင်း	-	-	-	
	ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း	၆ မိုင်	၁၈၀၀၀	၁၀၈၀၀၀	
	အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း	၁၀ မိုင်	၁၈၀၀၀	၁၈၀၀၀၀	
	မီးကာကွယ်ခြင်း	၅၀၀ ဧက	၃၀၀၀	၁၅၀၀၀၀၀	
	သဘာဝတောထိန်းသိမ်းခြင်း	-	-	-	
	သဘာဝတောတန်ဘိုးမြင့်စိုက်ပျိုးခြင်း	၁၅၀ ဧက	-	-	
	ပေါင်း			**၂၄၂၈၆၃၀၀**	
၂၀၂၅.၂၆	သစ်မာပင်ထောင်တံဆိပ်ရိုက်ခြင်း	-	-	-	
	ဓမ္မတာမျိုးဆက်ခြင်း	၁၅၀ ဧက	၁၆၉၁၀	၂၇၄၈၃၀၀	
	ပေါင်းသင်ရှင်းလင်းခြင်း(ထင်း)	၁၇၅၀	၉၀၀၀	၁၅၇၅၀၀၀၀	
	ပေါင်းသင်ရှင်းလင်းခြင်း(ကျွန်း)	-	-	-	
	ပင်ကျပ်နှုတ်ခြင်း	၄၀၀	၁၀၀၀၀	၄၀၀၀၀၀၀	
	သစ်တောလမ်းပြင်ဆင်ခြင်း	-	-	-	
	ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း	၆ မိုင်	၁၈၀၀၀	၁၀၈၀၀၀	
	အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း	၁၀ မိုင်	၁၈၀၀၀	၁၈၀၀၀၀	
	မီးကာကွယ်ခြင်း	၅၀၀ ဧက	၃၀၀၀	၁၅၀၀၀၀၀	
	သဘာဝတောထိန်းသိမ်းခြင်း	-	-	-	
	သဘာဝတောတန်ဘိုးမြင့်စိုက်ပျိုးခြင်း	၁၅၀ ဧက	-	-	
	ပေါင်း			**၂၄၂၈၆၃၀၀**	

ဇစ်မြစ် - ကျောက်ဖြူခရိုင်၊ သစ်တောဦးစီးဌာန။

စီမံကိန်းကာလအတွင်း ကျောက်ဖြူခရိုင်တွင် သစ်တောလုပ်ငန်းအမျိုးအစားအလိုက် ဘတ်ဂျက်လိုအပ်မှု

(ငွေလုံးငွေရင်း)

ဇယား (ခ-၁၂-၂)ခ

ခုနှစ်	လုပ်ငန်းအမျိုးအမည်	ပမာဏ(ဧက)	ခွင့်ပြုနှုန်း	လိုအပ်သည့်ရံပုံငွေ(ဧက)	မှတ်ချက်
(၁)	(၂)	(၃)	(၄)	(၅)	(၆)
၂၀၁၆-၁၇	**ပဝတ္တိမျိုးဆက်ခြင်း**				
	ကျွန်း	-	-	-	
	ပျဉ်းကတိုး	၁၀၀	၁၂၄၄၅၅	၁၂၄၄၅၅၀၀	
	ဒီရေတောသစ်မျိုး(ကျေး/ထင်း)	၂၀၀	၁၁၉၃၀၀	၂၃၈၆၀၀၀၀	
	ကျေးသုံး/ထင်း	၅၀	၁၂၅၈၀၀	၆၂၉၀၀၀၀	
	စုစုပေါင်း	**၃၅၀**		**၄၂၅၉၅၅၀၀**	
၂၀၁၇-၁၈	**ပဝတ္တိမျိုးဆက်ခြင်း**				
	ကျွန်း	-	-	-	
	ပျဉ်းကတိုး	၁၀၀	၁၂၄၄၅၅	၁၂၄၄၅၅၀၀	
	ဒီရေတောသစ်မျိုး(ကျေး/ထင်း)	၂၀၀	၁၁၉၃၀၀	၂၃၈၆၀၀၀၀	
	ကျေးသုံး/ထင်း	၅၀	၁၂၅၈၀၀	၆၂၉၀၀၀၀	
	စုစုပေါင်း	**၃၅၀**		**၄၂၅၉၅၅၀၀**	
၂၀၁၈-၁၉	**ပဝတ္တိမျိုးဆက်ခြင်း**				
	ကျွန်း	-	-	-	
	ပျဉ်းကတိုး	၁၀၀	၁၂၄၄၅၅	၁၂၄၄၅၅၀၀	
	ဒီရေတောသစ်မျိုး(ကျေး/ထင်း)	၂၀၀	၁၁၉၃၀၀	၂၃၈၆၀၀၀၀	
	ကျေးသုံး/ထင်း	၅၀	၁၂၅၈၀၀	၆၂၉၀၀၀၀	
	စုစုပေါင်း	**၃၅၀**		**၄၂၅၉၅၅၀၀**	
၂၀၁၉-၂၀	**ပဝတ္တိမျိုးဆက်ခြင်း**				
	ကျွန်း	-	-	-	
	ပျဉ်းကတိုး	၁၀၀	၁၂၄၄၅၅	၁၂၄၄၅၅၀၀	
	ဒီရေတောသစ်မျိုး(ကျေး/ထင်း)	၂၀၀	၁၁၉၃၀၀	၂၃၈၆၀၀၀၀	
	ကျေးသုံး/ထင်း	၅၀	၁၂၅၈၀၀	၆၂၉၀၀၀၀	
	စုစုပေါင်း	**၃၅၀**		**၄၂၅၉၅၅၀၀**	
၂၀၂၀-၂၁	**ပဝတ္တိမျိုးဆက်ခြင်း**				
	ကျွန်း	-	-	-	
	ပျဉ်းကတိုး	၁၀၀	၁၂၄၄၅၅	၁၂၄၄၅၅၀၀	
	ဒီရေတောသစ်မျိုး(ကျေး/ထင်း)	၂၀၀	၁၁၉၃၀၀	၂၃၈၆၀၀၀၀	
	ကျေးသုံး/ထင်း	၅၀	၁၂၅၈၀၀	၆၂၉၀၀၀၀	
	စုစုပေါင်း	**၃၅၀**		**၄၂၅၉၅၅၀၀**	

ဇစ်မြစ် - ကျောက်ဖြူခရိုင်၊ သစ်တောဦးစီးဌာန။

ခုနှစ်	လုပ်ငန်းအမျိုးအမည်	ပမာဏ(ဧက)	ခွင့်ပြုနှုန်း	လိုအပ်သည့်ရံပုံငွေ(ဧက)	မှတ်ချက်
(၁)	(၂)	(၃)	(၄)	(၅)	(၆)
၂၀၂၁-၂၂	**ပဝတ္တိမျိုးဆက်ခြင်း**				
	ကျွန်း	-	-	-	
	ပျဉ်းကတိုး	၁၀၀	၁၂၄၄၅၅	၁၂၄၄၅၅၀၀	
	ဒီရေတောသစ်မျိုး(ကျေး/ထင်း)	၂၀၀	၁၁၉၃၀၀	၂၃၈၆၀၀၀၀	
	ကျေးသုံး/ထင်း	၅၀	၁၂၅၈၀၀	၆၂၉၀၀၀၀	
	စုစုပေါင်း	**၃၅၀**		**၄၂၅၉၅၅၀၀**	
၂၀၂၂-၂၃	**ပဝတ္တိမျိုးဆက်ခြင်း**				
	ကျွန်း	-	-	-	
	ပျဉ်းကတိုး	၁၀၀	၁၂၄၄၅၅	၁၂၄၄၅၅၀၀	
	ဒီရေတောသစ်မျိုး(ကျေး/ထင်း)	၂၀၀	၁၁၉၃၀၀	၂၃၈၆၀၀၀၀	
	ကျေးသုံး/ထင်း	၅၀	၁၂၅၈၀၀	၆၂၉၀၀၀၀	
	စုစုပေါင်း	**၃၅၀**		**၄၂၅၉၅၅၀၀**	
၂၀၂၃-၂၄	**ပဝတ္တိမျိုးဆက်ခြင်း**				
	ကျွန်း	-	-	-	
	ပျဉ်းကတိုး	၁၀၀	၁၂၄၄၅၅	၁၂၄၄၅၅၀၀	
	ဒီရေတောသစ်မျိုး(ကျေး/ထင်း)	၂၀၀	၁၁၉၃၀၀	၂၃၈၆၀၀၀၀	
	ကျေးသုံး/ထင်း	၅၀	၁၂၅၈၀၀	၆၂၉၀၀၀၀	
	စုစုပေါင်း	**၃၅၀**		**၄၂၅၉၅၅၀၀**	
၂၀၂၄-၂၅	**ပဝတ္တိမျိုးဆက်ခြင်း**				
	ကျွန်း	-	-	-	
	ပျဉ်းကတိုး	၁၀၀	၁၂၄၄၅၅	၁၂၄၄၅၅၀၀	
	ဒီရေတောသစ်မျိုး(ကျေး/ထင်း)	၂၀၀	၁၁၉၃၀၀	၂၃၈၆၀၀၀၀	
	ကျေးသုံး/ထင်း	၅၀	၁၂၅၈၀၀	၆၂၉၀၀၀၀	
	စုစုပေါင်း	**၃၅၀**		**၄၂၅၉၅၅၀၀**	
၂၀၂၅-၂၆	**ပဝတ္တိမျိုးဆက်ခြင်း**				
	ကျွန်း	-	-	-	
	ပျဉ်းကတိုး	၁၀၀	၁၂၄၄၅၅	၁၂၄၄၅၅၀၀	
	ဒီရေတောသစ်မျိုး(ကျေး/ထင်း)	၂၀၀	၁၁၉၃၀၀	၂၃၈၆၀၀၀၀	
	ကျေးသုံး/ထင်း	၅၀	၁၂၅၈၀၀	၆၂၉၀၀၀၀	
	စုစုပေါင်း	**၃၅၀**		**၄၂၅၉၅၅၀၀**	

ဇယားမြစ် - ကျောက်ဖြူခရိုင်၊ သစ်တောဦးစီးဌာန။

၉.၁၂.၃ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်ဆန်းစစ်ခြင်း

သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းတွင် ယခုခွင့်ပြုထားသောရံပုံငွေဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်သော်လည်း အစစအရာရာ ကုန်ဈေးနှုန်းကြီးမြင့်နေသည့်အခါကာလတွင်ခွင့်ပြုရံပုံငွေဖြင့် လုပ်သားရရှိရေးမှာများစွာအခက်အခဲကြုံရပါသည်။ ပြင်ပလုပ်

အားခပေါက်စျေးတွင် ပေးချေနိုင်ရန်ရံပုံငွေခွဲဝေချထားခွင့်ပြုမှသာ လုပ်ငန်းများ ကောင်းမွန်အဆင့်မီအချိန်မီပြီးစီးနိုင်မည်ဖြစ်ပါသည်။

ပေါင်းသင်ရှင်းလင်းခြင်းလုပ်ငန်းမှာ တစ်ဧကလျှင်အနည်းဆုံး (၅)ယောက်လုပ်ကိုင်မှသပ်ရပ်မှုရှိပါသည်။ ခွင့်ပြုရံပုံငွေဖြင့် လုပ်သား(၅)ယောက်မရနိုင်သဖြင့် လုပ်သား(၂)ယောက်(၃) ယောက်ဖြင့်ခုတ်ရသောကြောင့် ပေါင်းခုတ်ကြမ်းခြင်းဖြစ်လာရပါသည်။ ပေါင်းခုတ်ကြမ်းသဖြင့် စိုက်ပင်များရှင်သန်ကြီးထွားမှုနှောင့်နှေးပြီး အရည်အသွေးကျဆင်းလာပါသည်။ တစ်ခါတစ်ရံမူလစိုက်ခင်းဧက အပြည့်မခုတ်နိုင်ဘဲ ပေါင်း(၂)ကြိမ်အစား(၁)ကြိမ်တည်းသာခုတ်ရခြင်းနှင့်ငွေကုန်သည့်အခါ လုပ်ငန်းရပ်လိုက်ရသဖြင့် ပေါင်းခုတ်ရန် ဧကကျန်ခြင်းများဖြစ်ပေါ်လာတတ်ပါသည်။ သို့ဖြစ်၍ ပြင်ပပေါက်စျေးနှုန်းဖြင့် တစ်ဧကလူ(၅)ယောက်အတွက်ရံပုံငွေခွဲဝေချထားပေးမှသာ စိုက်ပျိုးခြင်းပေါင်းသင်ရှင်းလင်းခြင်းလုပ်ငန်းကိုအဆင့်မီစွာဆောင်ရွက်နိုင်ပြီးစိုက်ခင်းများ အရည်အသွေးမြင့်မားလာမည်ဖြစ်ပါသည်။ပင်ကြပ်နှုတ်ခြင်းအတွက် ခွင့်ပြုရံပုံငွေမှာ အလွန်နည်းလွန်းနေသဖြင့်လုပ်ငန်းဆောင်ရွက် ရာတွင်များစွာအခက်အခဲကြုံတွေ့ရပါ သည်။ စိုက်ခင်းအနေအထားပေါ်မူတည်၍ တစ်ဧကလျှင် ၅၀၀၀/- မှ ၁၀၀၀၀/-အထိ ခွင့်ပြုသင့်ပါသည်။ သစ်တောလမ်းပြင်ဆင်ခြင်းလုပ်ငန်းတွင် သစ်တောဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းဆောင်ရွက်ရသော လမ်းများပြင်ဆင်ခြင်းမဟုတ်ဘဲ စိုက်ခင်းဧရိယာအတွင်းစစ်ဆေးရာတွင် သွားလာမှုလွယ်ကူစေရန် စစ်ဆေးလမ်းဖောက်လုပ်ခြင်းသာလုပ်ကိုင်ရပါသည်။ တောင်ယာလုပ်သားရှိသည့်စိုက်ခင်းများတွင် ခွင့်ပြုရံပုံငွေဖြင့်စည်းရုံးဆောင်ရွက်နိုင်သော်လည်း တောင်ယာ လုပ်သားမရှိသည့်စိုက်ခင်းများတွင်ရံပုံငွေနည်းသဖြင့်အခက်အခဲကြုံတွေ့ရပါသည်။ကြိုးဝိုင်း နယ်နိမိတ်ပြင်ဆင်ခြင်းနှင့်အကွက်နယ်နိမိတ်ပြင်ဆင်ခြင်းလုပ်ငန်းများမှာ ရံပုံငွေနည်းသဖြင့် ထိထိရောက်ရောက်လုပ်ကိုင်နိုင်ခြင်းမရှိကြောင်းတွေ့ရပါသည်။ နယ်နိမိတ်များမှာ သစ်တောထိန်းသိမ်းရေးလုပ်ငန်းအတွက်အလွန်အရေးကြီးပါသည်။ နယ်နိမိတ်များကို ထိထိရောက်ရောက်မပြင်ဆင်နိုင်သည်မှာကြာမြင့်ပြီဖြစ်၍ အချို့ဧရိယာများတွင် နယ်နိမိတ်ကို ခက်ခက်ခဲခဲရှာယူရသည်အထိတွေ့ရှိနေရပါသည်။ နယ်နိမိတ်ပြင်ဆင်ခြင်း လုပ်ငန်းကိုစီမံချက်တစ်ရပ်အသွင်ချမှတ်ပြီး သင့်တော်လုံလောက်သည့် ရံပုံငွေခွဲဝေပေးပြီးဆောင်ရွက်ခြင်းသည် သင့်တော်မည်ဖြစ်ပါသည်။ မီးဘေးအန္တရာယ်ကျရောက်မှုမှာ အဆိုးဝါးဆုံးဖြစ်သည်။ ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ မီးတားလမ်းများဖောက်လုပ်ရန် ရံပုံငွေတိုးမြှင့်ခွဲဝေပေးသင့်ပါသည်။ မီးစောင့်များ

လုံလောက်စွာခန့်ထားခြင်း၊ မီးငြိမ်းသတ်ကိရိယာများဖြည့်ဆည်းပေးခြင်းများဆောင်ရွက်ခြင်းဖြင့် မီးဘေးအန္တရာယ်ကို အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

၉.၁၃ ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း

ကြီးကြပ်စစ်ဆေးခြင်းသည် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်ကာလ အတွင်း ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်ပြီး အကဲဖြတ်ခြင်းမှာစီမံကိန်းအစီအစဉ် တစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်သဖြင့် ထွက်ပေါ်လာသည့်ရလဒ်များကို တန်ဖိုးဖြတ်သည့်လုပ်ဆောင် မှုတစ်ခုဖြစ်ပါသည်။

၉.၁၃.၁ ရည်ရွယ်ချက်များ

ကြီးကြပ်စစ်ဆေးခြင်းဆိုင်ရာရည်ရွယ်ချက်များ

၁။ တိုးတက်မှုနှင့်ရလဒ်များကို ခန့်မှန်းအကဲဖြတ်ရန်၊

၂။ အခက်အခဲများကြုံတွေ့ဖွယ်ရှိသည့်နယ်မြေ (Potential Problem Areas) များကို မီးမောင်းထိုးပြရန်၊

၃။ ကုန်ကျစရိတ်သက်သာသည့်လုပ်ကိုင်နည်းစနစ်များ တိုးတက်ဖြစ်ပေါ်လာစေရန်၊

၄။ ပိုမိုထိရောက်မှုရှိပြီး စနစ်ကျသည့် လုပ်နည်းကိုင်နည်းများကို ကျင့်သုံးရာတွင် စီမံကိန်းအကောင်အထည်ဖော်သူ မန်နေဂျာများကို ပံ့ပိုးကူညီရန် တို့ဖြစ်ပါသည်။

အကဲဖြတ်ခြင်းဆိုင်ရာရည်ရွယ်ချက်များ

၁။ စီမံကိန်း/ လုပ်ငန်းအစီအစဉ်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှ ရရှိလာသည့် ကျိုးကြောင်း ဆီလျော်မှု/ အခြေခိုင်ခြင်း (Validity)၊ ထိရောက်မှု (Effectiveness) နှင့် လျော်ကန်သင့်မြတ်မှု (Worthiness) စသည့်အချက်များ အပေါ်အခြေခံသော လက်တွေ့သင်ခန်းစာများကို နောင်လုပ်ကိုင်မည့် အလားတူ လုပ်ငန်းများအတွက် ထုတ်ဖော်အသုံးချသွားနိုင်ရန်၊

၂။ လုပ်ဆောင်မှုများနှင့် ဆက်နွယ်နေသည့် အကြောင်းအရာများ၊ အကျိုးသက်ရောက်မှု များနှင့် လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်မှုများကို ဓမ္မဓိဌာန်ကျကျ စီစစ်ရန်တို့ဖြစ်ပါသည်။

၉.၁၃.၂ ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းစနစ်/ နည်းလမ်း

သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရာတွင် လုပ်ငန်းတိုးတက်မှုကို ကြီးကြပ်သည့်စနစ် (Monitoring System) သည် အောက်ပါအချက်အလက်များကို သုံးသပ်သွားမည်ဖြစ်ပါသည်-

၁။ ရေးဆွဲချမှတ်ထားသည့် စီမံကိန်းပါအချက်အလက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ရရှိသည့် အောင်မြင်မှုများနှင့်တွေ့ကြုံရသည့်အခက်အခဲအတားအဆီးများ၊

၂။ တာဝန်ယူဆောင်ရွက်မှုများ၏ အရည်အသွေး၊

၃။ ကုန်ကျမှုနှင့် အကျိုးရှိမှု၊

၄။ ဝင်ငွေနှင့်သုံးငွေ၊

၅။ သွင်းအားစုများ (ငွေကြေး၊ လူအင်အားနှင့် လုပ်ငန်းသုံးပစ္စည်းများ စသည့်) ရရှိနိုင်မှု နှင့် အသုံးပြုမှု

ထို့အတူအကဲဖြတ်သည့် စနစ် (Evaluation System)သည်လည်း စီမံကိန်းကာလတစ်လျှောက်လုံးတွင် အကဲဖြတ်ခြင်း (၄)မျိုးကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၁။ စဉ်ဆက်မပြတ်အကဲဖြတ်ခြင်း

၂။ စီမံကိန်းအလယ်အကဲဖြတ်ခြင်း

၃။ စီမံကိန်းအဆုံးအကဲဖြတ်ခြင်း

၄။ လုပ်ငန်းပြီးဆုံးပြီးနောက်အကဲဖြတ်ခြင်း

၉.၁၃.၃ စီမံကိန်းကာလအလယ်/ စီမံကိန်းကာလအဆုံးတွင် အကဲဖြတ်ခြင်း

စီမံကိန်းအလယ်(၅)နှစ်တွင် တစ်ကြိမ်အကဲဖြတ်ခြင်းနှင့် ချမှတ်ထားသော မူဝါဒများကိုပြန်လည်သုံးသပ်နိုင်ပြီး ဖွံ့ဖြိုးမှုလမ်းကြောင်းကိုလည်းလိုအပ်ပါက ပြန်လည်

တည့်မတ်ပေးနိုင်မည်ဖြစ်ပါသည်။အကဲဖြတ်ခြင်းကြောင့် ချမှတ်ထားသော ရည်မှန်းချက်များကို ပြန်လည်ပြင်ဆင်နိုင်ပြီး စီမံကိန်းဆိုင်ရာ လုပ်ဆောင်ချက်များကိုလည်း ပိုမိုတိုးတက် ကောင်းမွန်စေနိုင်ပါသည်။

စီမံကိန်းအဆုံးတွင် အကဲဖြတ်ခြင်းဖြင့်စီမံကိန်းအတွက်ချမှတ်ထားသော ရည်ရွယ်ချက်များကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ၊စီမံကိန်းကိုရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများ (ကောင်းကျိုး/ ဆိုးကျိုး)ကို ပြန်လည်သုံးသပ်ရန် ဖြစ်ပါသည်။

၉.၁၄ အထွေထွေ

ကျောက်ဖြူခရိုင်ရှိ သစ်တောများမှ သစ်ကြီး၊ ဝါးကြီးများမရှိပါ။ ရွက်အုပ်ပွင့်တောနိမ့်များဖြစ်ပါ သည်။ဒေသတွင်းသုံးစွဲရန်အတွက်သာ စနစ်တကျထိန်းသိမ်းထုတ်လုပ်စေခြင်းဖြင့် တောကိုပြန်လည်ပြုစုပျိုးထောင်ရမည်ဖြစ်ပါသည်။ကွက်လပ်ဖြစ်နေသော နေရာများတွင် သာစိုက်ခင်းများပြုလုပ်သင့်ပြီးကျန်နေရာများကို ဓမ္မတာမျိုးဆက်ခြင်းဖြင့်သာ ပြုစုထိန်းသိမ်းသင့်ပါသည်။ ဒီရေတောထိန်းသိမ်းရေး လုပ်ငန်းများတွင်လည်း ပြည်သူလူထုပါဝင်လာစေရန် ဒီရေတောများသည်သဘာဝဘေးရန်များမှ လူသားများကို ကာကွယ်ပေးကြောင်းပညာပေး ဟောပြော၍ စည်းရုံးဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဒီရေတောများကိုခုတ်ယူသုံးစွဲခြင်း လျော့နည်းသွားစေရန်အတွက် ဒေသအစုအဖွဲ့ပိုင် တောများထူထောင်ရန်နှင့် အခြားအစား ထိုးလုပ်ငန်းများ ပံ့ပိုးဆောင်ရွက်ပေးသင့်ပါသည်။ ထို့ပြင် သစ်တောထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုအာဏာပိုင်အဖွဲ့အစည်းများ၏ ကြီးကြပ်မှုဖြင့် သစ်တောဦးစီးဌာနနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြေစာရင်း၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းစသည့်ဌာနများပါပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စိမ်းလန်းစိုပြည်ပြီး ရာသီဥတုသာယာမျှတလာမည်ဖြစ်ပါသည်။

၁၀။ မြေပုံနှင့်နောက်ဆက်တွဲများ

ကျောက်ဖြူခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းတွင် အောက်ပါမြေပုံများ ပါဝင်ပါသည်။

(၁) အုပ်ချုပ်မှုပြမြေပုံ၊

(၂) ကြိုးဝိုင်းတော၊ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ နယ်နိမိတ်များပြမြေပုံ၊

(၃) အလုပ်တိုက်နယ်နှင့် ခုတ်စဉ်၊ နယ်နိမိတ်များပြမြေပုံ၊

(၄) သစ်တောဖုံးလွှမ်းမှုနှင့် မြေအသုံးချမှုပြမြေပုံ၊

(၅) သစ်တောဘိုနယ်အုပ်ချုပ်မှုပြမြေပုံ၊

(၆) သစ်တောဦးစီးဌာနစိုက်ခင်းများတည်နေရာပြမြေပုံ၊

(၇) ပုဂ္ဂလိကစိုက်ခင်းများ တည်နေရာပြမြေပုံ၊

(၈) မြေယာအသုံးချဇုန်နယ်မြေခွဲဝေခြင်းပြမြေပုံ၊

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်
ရမ်းဗြဲမြို့နယ် သစ်တောဘိနယ်အုပ်ချုပ်မှုပြမြေပုံ



ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်
ကျောက်ဖြူမြို့နယ် သစ်တောဘိုနယ်အုပ်ချုပ်မှုပြမြေပုံ



ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင် မြေယာအသုံးချဇုန်နယ်မြေခွဲဝေခြင်းပြမြေပုံ



Source - 84 E 6,7,10-16, 85F 5,9,10,13,14
84 H 11,12,14,15,16, 84 L 3,4
85 I 1,2,3,5,6,7

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင် အလုပ်တိုက်နယ်နှင့်ခုတ်စဉ်နယ်နိမိတ်များပြမြေပုံ



Source - 84 E 6,7,10-16, 85F 5,9,10,13,14
84 H 11,12,14,15,16, 84 L 3,4
85 I 1,2,3,5,6,7

MMC

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ နယ်နိမိတ်ပြမြေပုံ



ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင် ပုဂ္ဂလိကစိုက်ခင်းများ တည်နေရာပြမြေပုံ



Source - 84 E 6,7,10-16, 85F 5,9,10,13,14
84 H 11,12,14,15,16, 84 L 3,4
85 I 1,2,3,5,6,7

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင် သစ်တောမုံးလွှမ်းမှုအခြေအနေပြမြေပုံ



Source - FRA 2015

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင် သစ်တောဦးစီးဌာနစိုက်ခင်းများ တည်နေရာပြမြေပုံ



Source - 84 E 6,7,10-16, 85F 5,9,10,13,14
84 H 11,12,14,15,16, 84 L 3,4
85 I 1,2,3,5,6,7

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင် သစ်တောဘိနယ်အုပ်ချုပ်မှုပြမြေပုံ



ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင် အုပ်ချုပ်မှုပြမြေပုံ



Source - 84 E 6,7,10-16, 85F 5,9,10,13,14
84 H 11,12,14,15,16, 84 L 3,4
85 I 1,2,3,5,6,7

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်
အမ်းမြို့နယ် သစ်တောဘိနယ်အုပ်ချုပ်မှုပြမြေပုံ